www.burmeseclassic.com



# မိုးစက်ဝိုင်

# အတိတ်တစ်ရေးနိုး

www.burmeseclassic.com

www.burmeseclassic.com

# မိုးဝေါဝိုင်

# အတိတ်တစ်ရေးနိုး

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## အတိတ်တစ်ရေးနိုး


### ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းပလင် - ကိုပေါက် ဖုန်း:၀၉ ၄၂[illegible]

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

တအုပ်ချုပ် - ကိုစိုးနိုင်နှင့်အဖွဲ့

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၄၊ ဧပြီလ

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချီရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅.၈၃

မိုးစက်ပိုင်

အတိတ်တစ်ရေးနိုး/မိုးစက်ပိုင်။ - ရန်ကုန်၊

ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၄ ။

၁၄၄ - စာ ၊ ၁၃ × ၂၀ စင်တီ။

(က) အတိတ်တစ်ရေးနိုး


www.burmeseclassic.com

www.burmeseclassic.com

တကယ် ရိုးရိုးလေးပါ…

အနာဂတ်သစ်ကို သွားမယ်ဆိုရင်…

အတိတ်

တစ်ရေးနိုးလာဖို့ပဲ လိုပါတယ်…။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

ည . . . ။

အချိန်အားဖြင့် ဆယ့်တစ်နာရီစွန်းစွန်းလေး။

အိပ်မပျော်နိုင်သေးသော ရန်ကုန်လမ်းမများထက်၌ ရောင်စုံကားများက ဦးတည်ရာပေါင်းစုံသို့ သွားလာနေကြသည်။ အလင်းတိုင်မှ မာကျူရီမီးရောင်များကလည်း လမ်းမများပေါ်သို့ အလျားလိုက် ပြန့်ဖြာကျနေကြသေးသည်။ ကားကိုယ်မှ မီးရောင်များကလည်း ဟိုဒီယိမ်းထိုးလျက် . . . ။

ထိုလမ်းများ၊ ကားများကြားထဲတွင် တစ်ခုသော လမ်းမကျယ်ထက်၌ အဖြူရောင်ဗင်ကားလေးတစ်စီးကလည်း ရောနှောပါဝင်နေခဲ့သေးသည်။

ထိုကားလေးထဲမှာ ပါလာသည့်ကတော့ လှန်ခဲ့သော တစ်[illegible]ကျော်



www.burmeseclassic.com

www.burmeseclassic.com



ကမှ လက်ထပ်ထားသည့် ဖနီးမောင်နှံနှစ်ဦး ...။ အပျော်စက်လက် နေ့ရက်များကို တစ်သားတည်း ဖြတ်သန်းနေကြသည့် လူသားနှစ်ဦးလည်း ဖြစ်၏။

ခုလည်း သူတို့နှစ်ဦးသည် သူငယ်ချင်းတစ်ယောက်၏မွေးနေ့ပါတီမှ ပြန်လာကြခြင်း ဖြစ်၏။ သူတို့ ဦးတည်နေသည်ကတော့ နှစ်ဦးသားနေထိုင်ရာ မြို့၏ဆင်ခြေဖုံးရပ်ကွက်အတွင်းရှိ တိုက်ခန်းလေးဆီသို့ ဖြစ်၏။

ကားမောင်းလာရင်း ကောင်လေးဖြစ်သူက ကားကို အရှိန်ထပ်မြှင့်လိုက်၏။ ကောင်မလေးက ဆတ်ခနဲ စောင်းငဲ့ကြည့်ရင်း ...

"ရဲမော် ... ကားကို ပုံမှန်ပဲ မောင်းလေ၊ အန္တရာယ် များတယ်ဟ"

စကားအဆုံးမှာ ရဲမော်ဆိုသော ကောင်လေးက ဟက်ခနဲ ရယ်လိုက်ရင်း ...

"ကသစ်ကလည်းဟာ ... ညဆိုတော့ လမ်းရှင်းလို့ပါ၊ ရန်ကုန်မှာ ဒီလိုမောင်းရဖို့က ဒီအချိန်ပဲ ရှိတာ၊ ပြီးတော့ ... ငါ အိပ်ချင်နေပြီဟ ... ဝါး"

တမင်ဟန်လုပ်ကာ သန်းဝေပြလိုက်ခြင်း ဖြစ်၏။ ကသစ်ဆိုသော ကောင်မလေးက မျက်စောင်းထိုးလိုက်ပြီး ...

"ပုံမှန်မောင်းလည်း အိမ်ပြန်ရောက်မှာပါဟာ၊ ဘီယာလေး သုံးလေးခွက်လောက်သောက်ပြီး စိတ်က ရဲမနေနဲ့ သိလား"

"အေးပါဟ ... နင်လည်း ဝိုင်လေးနှစ်ခွက်လောက်သောက်ပြီး ကိုယ့်ယောက်ျားကို လာကောနေပြန်ပြီ၊ နင် ကြောက်နေရင်လည်း ငါ





သီချင်းဖွင့်ထားမယ်၊ မျက်စိမှိတ် နားထောင်ပြီး လိုက်ခဲ့ ... နော် ... ချစ်သူလေး"

ပြောရင်း ရဲမော်က ကသစ်ပါးလေးကို ဆတ်ခနဲ လှမ်းနမ်းလိုက်သေးသည်။

ကသစ်က ...

"လာလုပ်မနေနဲ့ ... နင့်အကြံအစည်တွေကို ငါ သိတယ်"

ရဲမော်က တဟားဟားရယ်ကာ ကားကက်ဆက်ကို ဖွင့်လိုက်ပါ၏။ အသင့်ထည့်ထားသော အခွေထဲမှ သီချင်းတစ်ပုဒ်က ခုန်ထွက်လာသည်။ ကသစ်က ပေစောင်းစောင်းလေး ကြည့်လိုက်ပြီး ...

"ဘာလို့ မျက်စိမှိတ်ထားရမှာလဲ၊ တော်ကြာ ... အိပ်ပျော်သွားဦးမယ်"

ပြောရင်းပင် ကသစ်က ဖွင့်ထားသောသီချင်းကို ခပ်ကျယ်ကျယ် လိုက်ကာ ဆိုလိုက်၏။

ရဲမော်က ...

"လုပ်ထားကွ ... ဒါမှ ငါ့မိန်းမကွ၊ တော်ကြာ အလှူထည့်မယ့်သူတွေ လာတော့မယ်"

ထိုစကားကြောင့် ကသစ်က ရဲမော်၏ပခုံးစွန်းကို လှမ်းကာ ရိုက်လိုက်သည်။ ရဲမော်က သဘောကျသလို တဟားဟား အော်ရယ်လိုက်ရင်း ဆောင်းဘီအိတ်ထဲမှ ဟန်းဖုန်းကို ထုတ်ကာ ...

"ကဲပါ ... ငါတို့လင်မယားနှစ်ယောက် ကားပေါ်မှာပဲ ရစ်ကောအင်းလုပ်တာပေါ့၊ ကဲ ... စပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ဖုန်းမှုရစ်ကောဒင်းခလုပ်ကို နှိပ်လိုက်သည်။

"ကဲ ... ရယ်ဒီ ... ဝမ်း ... တူး ... သရီး ... ဂိုး ..."

တိုင်ပင်အဆုံးမှာတော့ နှစ်ယောက်သား ကက်ဆက်ထဲမှ သီးချင်း အတိုင်း ပြိုင်တူလိုက်ဆိုလိုက်ကြ၏။

သီချင်းသံများဖြင့် ကားလေးကတော့ လမ်းမထက်မောင်းနှင်နေ ဆဲ။

ထိုသို့ မောင်းလာရင်း တစ်ခုသောလမ်းချိုးအရောက်တွင် ရဲမော် က ကားဘရိတ်ကို အသာထိန်းနင်းရင်း ကွေ့ချလိုက်သည်။

သို့သော် ...

ထိုလမ်းမထက်၌ ကားမီးရောင်တစ်ခုက စူးခနဲ ထိုးခွဲဝင်ရောက် လာသဖြင့် ...

"ရဲမော် ... ရှေ့မှာ ကား ... ကား"

ကသစ်က စူးရှထိတ်လန့်စွာ အော်ဟစ်သတိပေးလိုက်သဖြင့် ရဲမော်က ထိုကားကြီးနှင့် လွတ်အောင် သူ့ကားကို အသားကုန် ကွေ့ချရင်း ဘရိတ်ကို ဆောင့်နင်းလိုက်သည်။

"ဟာ"

ထိုကားကြီးနှင့် သူတို့၏ကားလေးကတော့ ပွတ်ကာသီကာ လွတ် သွားပါသည်။

သို့သော် ... သူကွေ့လိုက်သော လမ်းဘေးတွင် ဘွားခနဲ မြင် လိုက်ရသည်က သစ်ပင်ကြီးတစ်ပင် ...။

ထိုအပင်က ကသစ်ထိုင်နေသောဘက်တွင် ဖြစ်သောကြောင့်





ထပ်ကာ အသားကုန်ကွေ့ချလိုက်သော်လည်း ...

"ဒုန်း!"

ညနက်နက်တွင် ကားလေး၏ရှေ့စွန်းတစ်ခြမ်းက သစ်ပင်နှင့် မိတ် ဆက်သွားလေတော့၏။

ညသည် အမှောင်အောက်တွင် ချက်ချင်းဆိုသလို အကျည်းတန် သွားကာ ...။

ထို့နောက် ...

ထို့နောက်မှာတော့ ...။

■

www.burmeseclassic.com

## အခန်း (၂)

အရေးပေါ်ခွဲစိတ်ခန်းဆီသို့ လူနာနှစ်ဦးကို တင်ထားသည့် တွန်းလှည်းနှစ်ခုက အပြေးအလွှားသွားနေသည်။ တစ်ခုသော တွန်းလှည်းပေါ်မှာတော့ ဦးခေါင်းတစ်ခုလုံး သွေးအရွှဲသားဖြင့် ကသစ်တစ်ယောက် ကမ္ဘာကြီးနှင့် အဆက်ပြတ်ကာနေသည်။

တခြားလှည်းပေါ်တွင်တော့ ရဲမော်က ဒဏ်ရာရထားသော်လည်း သတိမလွှတ်အောင် ထိန်းချုပ်ရင်း ကသစ်နာမည်ကိုခေါ်ကာ တတွတ်တွတ်ပြောနေသည်။

"ကသစ် . . . ကသစ် . . . ဘာမှမဖြစ်ဘူးနော်၊ ငါ . . . ငါ ရှိတယ်"

"ကသစ် . . . ကသစ် . . . ဘယ်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဘေးဘီဝဲယာသို့ စောင်းငဲ့ကာ ကြည့်သောလည်း ဘာကိုမှမတွေ့ရ။ ရဲမော် ပို၍စိတ်ပူလာသည်။

"ကသစ် ... ကသစ် ... ငါ တောင်းပန်ပါတယ်၊ နင် ... ဘယ်မှာလဲ၊ ငါ့ကို တစ်ခုခုပြောပါဦး"

ထိုသို့ တတွတ်တွတ်ပြောလာသဖြင့် လှည်းတွန်းလာသည့် ဆေးရုံဝန်ထမ်းက ...

"ညီလေး ... ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ၊ အဲလို အော်မနေပါနဲ့လေ၊ ညီလေးနဲ့ ပါလာတဲ့ ကောင်မလေးလည်း ရှိပါတယ်၊ သူလည်း ကုသခံယူဖို့သွားနေပြီ၊ စိတ်ကိုလျှော့ပြီး ငြိမ်နေလိုက်၊ အားလုံးကောင်းသွားပါလိမ့်မယ်"

ထိုသို့ ပြောလာသော်လည်း ရဲမော်၏စိုးရိမ်စိတ်တွေကတော့ လျော့ပါးမသွားချေ။ ပါးထက်သို့ပင် မျက်ရည်များက စီးကျလာသေးသည်။

သို့နှင့် ရဲမော်ကို သယ်ဆောင်တင်ယူကာလာသည့် တွန်းလှည်းက ခွဲစိတ်ခန်းတစ်ခုထဲသို့ ဝင်ရောက်သွားလေပြီ။

ခဏအကြာမှာတော့ မျက်နှာကြက်၌ မီးလုံးဖြူဖြူများကိုသာ မြင်လိုက်ရပြီး မျက်စိမှိတ်လိုက်ချိန်မှာ မှောင်အတိကျသွားလေတော့သည်။

ကသစ်ဆိုသည်မှာ ရဲမော် အသိစိတ်မလွတ်ခင် ရေရွတ်လိုက်မိသော နာမည်လေးပဲ ဖြစ်လေ၏။

■



## အခန်း (၃)

သတိရရလာချင်း ရဲမော် ပတ်ဝန်းကျင်ကို အားယူကာ အကဲခတ်[illegible]သည်။ ခေါင်းက ကိုက်ခဲနေသေးသော်လည်း ကြည်လင်သော အမြင်[illegible]ကြောင့် ဆေးရုံ၏ကုသဆောင်တစ်ခုအတွင်း ရောက်နေပြီမှန်း သိလိုက်[illegible]

ပထမဆုံး သတိရလိုက်မိသည်က ချစ်ရသော ကသစ်။

ရဲမော် အားယူကာ ကုန်းထလိုက်ရင်း ...

"ကသစ် ... ကသစ်"

ထိုအချိန်မှာပဲ တာဝန်ကျဆရာဝန်မလေးက အနားသို့ အပြေး[illegible] ရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



''ရှင် . . . ရုတ်တရက်ကြီး မထနဲ့ဦးလေ၊ ရှင့်ဒဏ်ရာက ကြီးကြီးမားမား မဟုတ်ပေမယ့် ဆေးရှိန်နဲ့ ငြိမ်နေရဦးမယ်''

ရဲမော်က . . .

''ဟိုလေ . . . ဆရာမ . . . ကျွန် . . . ကျွန်တော့်မိန်းမ ကသစ်ရော ဟင်''

ဆရာဝန်မလေးက အမေးကို မဖြေသေးဘဲ မေးခွန်းပြန်မေးလာသည်။

''ရှင့်ကိုယ်ရှင် ဘယ်သူဆိုတာရယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာရယ်ရော မှတ်မိရဲ့လား''

ရဲမော်က စိတ်မရှည်ဟန်ဖြင့် . . .

''မှတ်မိပါတယ်၊ ကျွန်တော့်နာမည်က . . . ရဲမော်၊ ကျွန်တော့်မိန်းမ ကသစ်နဲ့အတူ ကားအက်စီးဒန့်ဖြစ်ခဲ့တာဗျ၊ ဒါနဲ့ . . . ကသစ်ကောလို့''

''သူလည်း ရှင့်လိုပဲ တခြားအခန်းတစ်ခုမှာ အသက်ရှင်လျက် ရှိပါတယ်၊ ဒါပေမဲ့ . . . ရှင် နောက်နေ့မှ သွားကြည့်လို့ရမယ်ရှင့်''

''ဗျာ . . . ဘာဖြစ်လို့လဲ၊ ခု . . . ခေါင်းနည်းနည်းကိုက်နေတာက လွဲလို့ ကျွန်တော့်ခြေတွေ,လက်တွေ အကုန်ကောင်းနေတာပဲလေ''

ဆရာဝန်မလေးက ပြုံးသည်။ ပြီးမှ . . .

''ဟုတ်ပါတယ်၊ ရှင့်မှာ စိုးရိမ်ရလောက်တဲ့ ဒဏ်ရာမရှိပါဘူး ခြေထောက်တစ်ဖက်တော့ ထိထားတယ်၊ ထုံဆေးအရှိန်နဲ့မို့ မနာတာပါ ဒီတော့ . . . ခု ဆေးတစ်လုံးထပ်ထိုးပေးခဲ့မယ်၊ နောက်နေ့မှ ရှင့်မိန်းမကို သွားကြည့်ပေါ့''





ပြောရင်း ဆရာဝန်မလေးက ဆေးတစ်လုံး လာထိုးသည်၊ ဆေးထိုးပြီး မကြာခင်မှာပဲ မျက်ခွံတွေ လေးကာ အိပ်ချင်စိတ်က ဖိစီးလာသည်။

သို့သော် . . .

အိပ်မပျော်ခင်အချိန်အပိုင်းအခြားလေးတွင် ရဲမော် တွေးလိုက်မိသည်ကတော့ . . .

''ကား . . . ကားဟာ ကသစ်ရှိတဲ့အခြမ်းနဲ့ ဝင်တိုက်ခဲ့တာဆိုတော့ ကသစ် . . . ကသစ်''

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဆေးအရှိန်နှင့် အိပ်ပျော်နေသည်မှာ ဘယ်နှစ်ရက်ရှိပြီမှန်းတော့ မသိချေ။

ဒီနေ့တော့ ဆရာဝန်ကြီးက ခွင့်ပြုလိုက်သဖြင့် ကသစ်ရှိနေသည် ဆိုသော အခန်းသို့ ရဲမော် ခပ်မြန်မြန်လာခဲ့လိုက်၏။ ခြေထောက်တစ်ဖက် အနည်းငယ် နာနေသည်မှအပ ကျန်နေရာများက ပုံမှန်ပြန်ဖြစ်နေပြီ။

ညွှန်လိုက်ရာ အခန်းအတွင်းသို့ ဝင်သွားလိုက်တော့ ကသစ်ကို ကုတင်ပေါ်တွင် တွေ့လိုက်ရ၏။ ပက်လက်အနေအထားဖြစ်သော်လည်း အနီး၌ တာဝန်ကျဆရာဝန်မနှင့် စကားပြောနေသဖြင့် ရဲမော်ရင်ထဲ ပူပန်စိတ်တို့ အနည်းငယ် လျော့သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com

ကာသစ်အနီးသို့သွားကာ မျက်နှာဖူးဖူးလေးကို လွမ်းမောစွာ ကြည့်လိုက်သည်။ ခေါင်းတွင် ပတ်တီးစည်းထားသည်မှအပ မျက်နှာပေါ်တွင် ဒဏ်ရာကြီးကြီးမားမား မရှိချေ။

ရဲမော်က အနားကပ်ရင်း မွတ်မွတ်သိပ်သိပ်ခေါ်လိုက်၏။

''ကာသစ် . . . ကာသစ် . . . နင် သတိရနေပြီနော်၊ တော်သေးတာပေါ့ ကာသစ်ရယ် . . . နင် ဘာမှမဖြစ်လို့''

တာဝန်ကျဆရာဝန်မက ရှုံးတိုးတိုးဟု အမူအရာလုပ်ပြသော်လည်း ရဲမော်က ထပ်ကာပြောလိုက်၏။

''ကာသစ် . . . ငါ မေးနေတာ ဖြေဦးလေ၊ နင် . . . နေကောင်းသွားပြီလား''

ကာသစ်က ရဲမော် ပြောစကားကို နားမလည်သလို ခပ်စိမ်းစိမ်းကြည့်နေပြီးမှ အကြည့်ကို ဆရာဝန်မဆီ ပို့လိုက်ရင်း . . .

''ဆရာမ . . . သူက ဘယ်သူလဲဟင်၊ ကျွန်မကို ဘာတွေလာပြောနေတာလဲ''

ရဲမော် ရုတ်တရက် ကြောင်အမ်းသွားရ၏။ တစ်ဆက်တည်း စိုးရိမ်စိတ်တွေ အထွေးလိုက် ဝင်ရောက်လာပြီး . . .

''ကာသစ် . . . ကာသစ် . . . ငါ . . . ငါ . . . နင့်ယောက်ျား ရဲမော်လေ''

ကာသစ်က အံ့ဩစွာ ပြန်ကြည့်လာသည်။ ပြီး . . . ခေါင်းကို ခါလိုက်ရင်း . . .

''ဘယ်လို . . . ကျွန်မယောက်ျား ဟုတ်လား။ ရှင့်ကို မသိပါဘူး''





ရဲမော် တုန်လှုပ်သွားရ၏။

''ကာသစ် . . . နင် . . . ငါ့ကို နောက်နေတာတော့ မဟုတ်ပါဘူးနော်''

''မနောက်ပါဘူး၊ တကယ် မသိတာပါ၊ ဒါပေမဲ့ . . . ရှင့်ကို ကြည့်တာ ကျွန်မအပေါ် အရမ်းရင်းနှီးနေသလိုပဲ''

ရဲမော် ဘာဆက်ပြောရမည်မှန်း မသိတော့။ အနီးရှိ ဆရာဝန်မဆီ အားကိုးတကြီး ကြည့်လိုက်တော့ . . .

''ကိုရဲမော် . . . ရှင် အကျိုးအကြောင်းသိချင်ရင် ဆရာဝန်ကြီးနဲ့ သွားတွေ့လိုက်ပါ၊ ရှင့်ကို ကာသစ် ညစ်နေတာမဟုတ်ဘူး၊ တကယ်မသိဘာပါ''

''ဗျာ''

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဟုတ်တယ် ... ကိုရဲမော်၊ ခင်ဗျားမိန်းမမှာ တခြားစိုးရိမ်ရတဲ့ အထိရာမရပေမယ့် ခေါင်းကိုတော့ ပြင်းပြင်းထန်ထန် ထိသွားတယ်၊ အဲဒါကြောင့် ... မှတ်ဉာဏ်တချို့ ပျောက်ဆုံးပြီး အတိတ်ပျောက်ဆုံးသွားတာပဲ"

"ခင်ဗျာ၊ တကယ်ပြောနေတာလား ဆရာရယ်"

"ကိုရဲမော် ... ကျွန်တော်က ဘာလို့ညာရမှာလဲ၊ ကျွန်တော်ကိုယ်တိုင် ခွဲစိတ်ကုသပေးခဲ့တာပဲလေ"

အံ့သြစိတ်နှင့် ယူကျုံးမရစိတ်တွေက ပူးတွဲဝင်ရောက်လာသည်။ ရင်ထဲဆို့နင့်ကာ ဘာလုပ်ရမည်မှန်းမသိတော့။



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ... ကသစ်ကို ဘယ်လိုကုသပေးလို့ရမလဲဟင် ... လုပ်ပါဦးဗျာ"

ဆရာဝန်ကြီးက ရဲမော်ကို သနားသလို ကြည့်လာသည်။ ပြီး ... နှစ်သိမ့်အပြုံးနှင့် ...

"စိတ်အေးအေးထားပါ ကိုရဲမော်၊ ဒီရောဂါမျိုးက အရမ်းလောလို့ မရဘူးလေ၊ ကိုရဲမော်လည်း ဖတ်ဖူး၊ ကြားဖူး၊ မြင်ဖူးမှာပေါ့၊ ဒီလိုဝေဒနာရှင်တွေဆိုတာ ဆေးဝါးတွေနဲ့ ကုသတာထက် အတိတ်ရဲ့ပုံရိပ်တွေ၊ အတိတ်က အဖြစ်အပျက်တွေကြောင့် ပြန်ကောင်းလာတာမျိုးလည်း ရှိပါတယ်၊ အဲ ... ခြွင်းချက်တစ်ခုအနေနဲ့ကတော့ တစ်သက်လုံး အတိတ်ကို ပြန်သတိမရတော့တာမျိုးလည်း ဖြစ်နိုင်တယ်ဗျ၊ ဒီတော့ ... ကိုရဲမော်အနေနဲ့ ... အဲ ... မကသစ်ရဲ့ယောက်ျားတစ်ယောက်အနေနဲ့ ဘာဆက်လုပ်ရမယ်ဆိုတာ နားလည်မှာပါ"

ရဲမော် သဘောပေါက်လိုက်လေပြီ၊ ကသစ် အတိတ်ကို ပြန်သတိရရန် ကြိုးစားခွင့်လည်း ရှိချင်ပါ၏။

သို့သော် ...

ကသစ်က လက်ရှိအချိန်မှာ သူ့ကို လင်ယောက်ျားတစ်ယောက်အနေဖြင့် လက်ခံပေးနိုင်ပါ့မလား။

လေးလံသောသက်ပြင်းကို ချရင်း ... ခေါင်းသာ ခါယမ်းမိတော့သည်။

"ခွင့်ပြုပါဦး ဆရာကြီး၊ ကျွန်တော့်ဘက်ကတော့ ကသစ် ပြန်ကောင်းလာဖို့ အစွမ်းရှိသလောက် ကြိုးစားမှာပါ"





ဆရာဝန်ကြီးက အပြုံးပါးပါးနှင့် ခေါင်းညိတ်သည်။ သို့သော် ထိုအပြုံးသည်ပင် ရဲမော်စိတ်ထဲ၌ မပီပြင်ဝေဝါးနေ၏။

သို့ဆိုလျှင် ကသစ်၏အနာဂတ်ကတော့ ...။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

နောက်တစ်ရက် ကသစ်ဆီ သွားချိန်မှာတော့ ရဲမော် တကာယ်ပဲ စိတ်လှုပ်ရှားနေမိသည်။ ကသစ် သူ့အပေါ် ဘယ်လိုဆက်ဆံမည်လဲ။ ရဲမော် ကိုယ်တိုင် ကြိုတင်တွေးထား၍မရသောအခြေအနေ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ . . .

ကိုယ့်မိန်းမဆီ ကိုယ်သွားတာ ဘာမှစိုးရိမ်ဖို့မလိုဟု စိတ်တင်းကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။ လိုအပ်တာတွေတော့ အိမ်ပြန်ပြီး ယူလာခဲ့ရသည်ပေါ့။

အခန်းထဲ ဝင်လိုက်ချင်း ကသစ်က တစ်ချက်လှမ်းကြည့်သည်။ မျက်နှာကတော့ ဘာခံစားမှုမှ မရှိသည့်အနေအထားဖြစ်၏။ ရဲမော်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ တာဝန်ကျဆရာမလေးက ကိုရဲမော် လာလေဟု ပြောပြီး အလိုက်တသိ ထကာ အခန်းအပြင်ဘက်သို့ ထွက်သွားလေ၏။

ရဲမော်က ကသစ် လိုအပ်နိုင်သည့် အသုံးအဆောင်ပစ္စည်းတချို့နှင့် အဝတ်အစားအိတ်ကို အသာချထားလိုက်ပြီး ...

"ကသစ် ... ငါ အိမ်ပြန်ပြီး နှင့်အတွက် လိုအပ်နိုင်တဲ့ပစ္စည်းတွေ ယူလာခဲ့တယ်"

"ကျေးဇူးပဲ"

ပြောသည့်လေသံကတော့ ခပ်အေးအေးပဲ ဖြစ်သည်။

"နေကောင်းရဲ့လား ... ကသစ်"

ခေါင်းအသာညိတ်ရင်း ကသစ်က ...

"အင်း ... အတော်လေး နေလို့ကောင်းနေပါပြီ၊ ရှေ့တစ်ရက်နှစ်ရက်လောက်ဆို ဆင်းလို့တောင်ရပြီလို့ ပြောတယ် ... ဒါပေမဲ့"

စကားမဆုံးခင်မှာပဲ ရဲမော်က အသင့်ယူလာသည့် သူတို့နှစ်ယောက်၏လက်ထပ်စာချုပ်ကို လှမ်းပေးလိုက်ကာ ...

"ရော့ ... ကြည့်လိုက် ကသစ်၊ အဲဒါ ... နင်နဲ့ငါ လက်ထပ်ထားတဲ့ စာချုပ်ပဲ၊ ပေးစားလို့ ယူခဲ့ကြတာ မဟုတ်ဘူးနော်၊ ချစ်လို့ လက်ထပ်ခဲ့ကြတာ"

အရောင်ပြောင်းသွားသော မျက်ဝန်းဖြင့် ဖျတ်ခနဲ တစ်ချက်ကြည့်လိုက်ပြီးမှ ကသစ်က စာချုပ်ကို လှမ်းယူကာ ဖတ်ကြည့်လိုက်သည်။

"အင်း ... ခုနက ဆရာမလေးကတော့ ကျွန်မတို့နှစ်ယောက် ဆေးရုံရောက်လာပုံကို ပြောပြပါတယ်၊ ခု ... ရှင်က စာချုပ်ပါ ပြလာတော့





ကျွန်မ လက်ခံလိုက်ပါပြီ"

ထိုစကားကြောင့် ရဲမော်က ပြုံးလိုက်ရင်း ...

"အဲလိုပဲဖြစ်ရမှာပေါ့ ကသစ်ရယ်၊ ငါက ညာနေတာမှ မဟုတ်တာပဲလေ၊ ပြီးတော့ ... နင်က ငါ့ကိုလည်း နင်နဲ့ငါနဲ့ပဲ ပြောတာနော်"

"ဟုတ်လား"

"ဟုတ်တယ် ကသစ်ရယ် ... နင် အခု ဘာမှပြန်မမှတ်မိနိုင်သေးပေမယ့် နင်နဲ့ငါကြားထဲမှာ ပြန်မှတ်မိလာနိုင်တဲ့ အမှတ်တရအဖြစ်အပျက်လေးတွေ အများကြီးရှိပါတယ်"

ကသစ်က ရယ်သည်။ အက်စီးဒန့်ဖြစ်ပြီးနောက်ပိုင်း ကသစ်၏အပြုံးကို ပထမဆုံး ပြန်မြင်ရခြင်းဖြစ်၏။ ရဲမော်စိတ်ထဲ ကြည်ကြည်နူးနူးလေး ဖြစ်သွားရသည်။

ကသစ်ကပဲ ...

"အမှတ်တရတွေ အများကြီးဆိုရင်လည်း လောလောဆယ် တစ်ခုလောက် ပြောပြကြည့်ပါလား"

ရဲမော် တွေခနဲ စဉ်းစားလိုက်သည်။ ပြီးမှ ဘယ်ဘက်လက်ကို ကြည့်ကာ သတိရသွားပြီး ...

"ကသစ် ... ဒီမှာကြည့် ငါ့ရဲ့ဘယ်ဘက်လက်သန်းကြွယ်မှာ တတ်စွပ်ပုံစံထိုးထားတဲ့ တက်တူးလေးကိုတွေ့လား"

လှမ်းကြည့်ရင်း ကသစ်က ...

"အင်း ... တွေ့တယ်၊ အဲဒါက ..."

"မကြာခင် နင့်ရဲ့ဘယ်ဘက်လက်သန်းကြွယ်ကို ကြည့်လိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

သူ့လက်သူကြည့်ရင်းက ကသစ် ဟင်ခနဲ အံ့သြစွာ ရေရွတ်လိုက်ခြင်းဖြစ်သည်။

"ဒါ ... ဒါက ..."

ဒီတစ်ခါတော့ ရဲမော်က ကျေနပ်စွာပြုံးလိုက်သည်။ တစ်ဆက်တည်းပဲ ...

"အဲဒါတွေက ငါတို့နှစ်ယောက်ရဲ့လက်ထပ်လက်စွပ်တွေလေ"

"ဟင်"

"ဟုတ်တယ် ကသစ်ရဲ့၊ ငါတို့နှစ်ယောက် လက်ထပ်တော့ ဧည့်ခံပွဲမလုပ်ဖြစ်ဖူးလေ၊ တရားရုံးမှာ လက်မှတ်ထိုးပြီး အိမ်မှာပဲ သူငယ်ချင်းတွေကို ဧည့်ခံကျွေးမွေးဖြစ်တာ၊ အဲဒီတုန်းက ... သူငယ်ချင်းတစ်ယောက်က အမှတ်မထင် ပြောလိုက်တာ ကသစ်ရဲ့"

"ဘာ ... ဘာပြောတာလဲဟင်"

စိတ်ဝင်စားသည့်အရိပ်ကလေးတွေက ကသစ်မျက်နှာတွင် အထင်းသား ပေါ်လာသည်။

ရဲမော်က ...

"သြော် ... သတို့သားနဲ့သတို့သမီး လက်စွပ်တွေ ဝတ်ကြဦးလေတဲ့၊ ဖြစ်ချင်တော့ ငါနဲ့နင်နဲ့ကလည်း အဲဒီကိစ္စကို မေ့နေတာ၊ အဲဒီမှာပဲ ငါလည်း စိတ်ကူးရတာနဲ့ နင့်ကို လက်ဆွဲပြီး ကန်တော်ကြီးထဲက တက်တူးဆိုင်ကို ခေါ်သွားပြီး ဆင်တူလက်စွပ်ပုံတက်တူးထိုးခဲ့တယ်လေ၊ နင်ဆို နာနေတဲ့ကြားက ငါ့စိတ်ကူးကြောင့် မျက်ရည်လေးဝဲပြီး ပြောသေးတယ်"





စကားဖြတ်ကာ ကသစ်မျက်နှာကို ကြည့်လိုက်တော့ မျက်ဝန်းထဲ မျက်ရည်ကြည်လေးများလဲ့နေသည်ကို တွေ့လိုက်ရသည်။

"ကျန်တဲ့လက်စွပ်လည်း ထပ်မဝတ်တော့ဘူးတဲ့၊ တစ်သက်လုံး မချွတ်နိုင်တဲ့ ဒီတက်တူးလက်စွပ်လေးပဲ ဝတ်ထားတော့မယ်လို့လေ"

"အို"

"ဟုတ်တယ် ကသစ်၊ ငါတို့ကြားမှာ အမှတ်တရတွေက အများကြီးပါဟ"

ရဲမော်က လွမ်းလွမ်းဆွေးဆွေးလေး ပြောလိုက်သည်။ ကသစ်က ဘာမှပြန်မပြောဘဲ အတန်ကြာအောင် ငြိမ်သက်နေသေးသည်။ ပြီးမှ အသံတိုးယဲ့ယဲ့လေးဖြင့် ...

"နင်နဲ့ငါဟာ လင်မယားဆိုတာ ငါ လုံးဝလက်ခံလိုက်ပါပြီ ရဲမော်"

အခေါ်အဝေါ် ပြောင်းသွားသည်ကို သတိထားမိလိုက်၏။ ကြည်ညည်း ကြည်နူးမိပါသည်။

ကသစ်က ထပ်၍ ...

"နင်နဲ့ငါက အတူတူနေတာပေါ့နော်"

"အေးပေါ့ဟ ... ငါတို့နှစ်ယောက်ပိုင်တဲ့ တိုက်ခန်းလေးမှာ နှစ်ယောက်တည်း နေတာလေ၊ အဲဒီမှာ ... က"

စကားမဆုံးခင်မှာပဲ ကသစ်က ...

"ခဏလေး ရဲမော်၊ ငါလေ အတိတ်က အကြောင်းတွေကို ဘာတစ်ခုမှကို မမှတ်မိဘူး ဖြစ်နေတယ်၊ ဒါနဲ့ ... ငါ့မှာ မိဘတွေကော ရှိသေးလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းက ရဲမော်ကို ဆတ်ခနဲ တွန့်သွားစေသည်။ သို့သော်လည်း မညာချင်သဖြင့် ...

"ဒီ ... ရန်ကုန်မှာပဲ ရှိပါတယ်၊ ဒါပေမဲ့လေ ..."

ဒီတစ်ခါလည်း စကားမဆုံးခင် ကသစ်က ...

"ရှိရင် ငါ သူတို့နဲ့ တွေ့ချင်တယ်၊ နင်ကော အကြောင်းကြားထားသေးလား"

"ဟိုလေ ... ငါလည်း နင့်ကိစ္စနဲ့ ရှုပ်နေလို့ မပြောဖြစ်သေးတာဟ၊ ဒါပေမဲ့ ... ခုပဲ အကြောင်းကြားလိုက်ပါ့မယ်"

"အေးပါ ... ကျေးဇူးပဲ"

"နင်ကလည်း လင်မယားအချင်းချင်းကို လာကျေးဇူးတင်နေတယ် ... အရူးမလေး"

ပါးစပ်က ရယ်ရင်းပြောလိုက်ပေမယ့် စိတ်ထဲ နာနာကျင်ကျင်စဉ်းစားလိုက်မိသည်ကတော့ ...

"ငါ ... ဘယ်လိုသတ္တိမျိုးနဲ့ အကြောင်းကြားရမှာလဲ ကသစ်ရယ်"

■



## အခန်း (၇)

မည်သို့ပင်ဖြစ်စေ ...

ရဲမော်ကတော့ ကသစ်၏မိဘတွေဆီ အကြောင်းကြားပေးလိုက်ပါသည်။

ရောက်လာသည်နှင့် ကသစ်၏အမေ ဒေါ်နွယ်နွယ်က သူ့သမီးကို ဖက်ကာ ကျုံကျုံပါအောင် ငိုတော့၏။

"သမီးရယ် ... အဖြစ်ဆိုးလိုက်တာ၊ သမီး ဘာကြောင့် အဲလိုဖြစ်ရတယ်ဆိုတာ သိရဲ့လား"

အရေးထဲ ကိုယ့်ဘက်ကို မြားဦးက လှည့်လာချင်နေသေးသည်။ ကသစ်ကတော့ ခုမှ လူ့လောကရောက်လာသည့် ကလေးလို မိဘနှစ်ပါးအား



www.burmeseclassic.com

www.burmeseclassic.com



ကြောင်တက်တက်လေးသာ ကြည့်နေ၏။

ကသစ်အဖေ ဦးဘသစ်ကလည်း ရဲမော်ကို မျက်ထောင့်နီနီနှင့် ကြည့်ကာ . . .

"ဟေ့ကောင် . . . မင်းကကော ဘာဖြစ်လို့ ဖြစ်ဖြစ်ချင်း အကြောင်း မကြားတာလဲကွ"

ဆတ်ခနဲ ခပ်တည်တည် ပြန်ကြည့်ရင်း ရဲမော်က . . .

"ဦးလေးတို့ပဲ ကသစ်နဲ့ ပတ်သက်ပြီး ဘယ်တော့မှ . . ."

စကားမဆုံးခင်မှာပဲ ဦးဘသစ်က လက်ကာပြရင်း . . .

"ဟေ့ကောင် . . . အဲဒါတွေ ပြောမနေနဲ့၊ ငါတို့မှာက သမီးနှစ်ယောက်ပဲ ရှိတာကွ၊ တစ်ခုခု အဖြစ်မခံနိုင်ဘူး၊ ခုတော့ကွာ . . ."

ထိုအချိန်မှာပဲ ကသစ်က . . .

"ကံပါ . . . သမီးနဲ့ပတ်သက်ပြီး စကားများမနေကြပါနဲ့၊ သမီးမှာ ဒီလိုဖြစ်ဖို့ ကံပါလာလို့နေမှာပါ၊ ဖေ . . . ဖေနဲ့မေ . . . မေ"

ခုမှ . . . ထပ်သိရသည့်မိဘတွေမို့ အရဲ့ခွန့်ကာ ခေါ်လိုက်ရဟန် တူသည်။

ဒေါ်နွယ်နွယ်က . . .

"အေးပါ သမီးရယ် . . . မေမေတို့လည်း သမီးရောဂါပျောက်အောင် ဘယ်လောက်ကုန်ကုန် ကုမှာပါ၊ ကဲ သမီး . . . မေမေတို့ ဆရာဝန်ကြီးနဲ့ သွားတွေ့လိုက်ဦးမယ်နော်"

ကသစ်က ခေါင်းအသာညိတ်ပြလိုက်သည်။ သူ့မိဘတွေ ထွက်သွားတော့မှ ကသစ်က ရဲမော်ကို ကြည့်လိုက်ကာ . . .





"ရဲမော် . . . ငါ့မိဘတွေပုံစံကြည့်ရတာ အရမ်းချမ်းသာပုံပဲနော်"

ရဲမော်က မျက်နှာသေနှင့် ခေါင်းညိတ်ပြလိုက်ရင်း . . .

"နင်ထင်သလို အရမ်းချမ်းသာတာပေါ့ ကသစ်ရယ်၊ ဒါတွေ နောက်တော့ နင် သိလာပါလိမ့်မယ်၊ ငါ လောလောဆယ် မပြောချင်သေးဘူး"

စကားအဆုံးမှာ ကသစ်က ရဲမော်ကို နားမလည်နိုင် မျက်ဝန်းလေးဖြင့် ကြောင်စီစီ ကြည့်ကာနေလေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"ကျွန်မတော့ သိပ်စိတ်ညစ်တာပဲ ကိုဘသစ်ရယ်၊ ဆရာဝန်ကြီး ပြောတဲ့အတိုင်းဆိုရင် သမီးက အတိတ်ကို ပြန်မှတ်မိဖို့ မလွယ်တော့ဘူးပေါ့နော်"

သောကမျက်နှာနှင့် ညည်းကာ ပြောလိုက်သည့်စကားအဆုံးမှာ ဦးဘသစ်က သက်ပြင်းကြမ်းကြမ်းချလိုက်ရင်း ...

"ဘယ်တတ်နိုင်မလဲကွာ ... သမီးလေးရဲ့ကံပေါ့၊ ဒီအတိုင်းပဲ စောင့်ရှောက်ရတော့မှာပဲလေ၊ အင်း ... သမီးငယ်ကလည်း အစကတည်းက ဒီတစကားကို နားမထောင်ခဲ့တာကိုး ... မိုက်တဲ့ သမီး"

ကရုဏာဒေါသောနှင့် ဦးဘသစ်က ပြောလိုက်သည်။ ထိုအချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်နွယ်နွယ်တစ်ယောက် ဘာကိုတွေးလိုက်မိသည်မသိ။ ချက်ချင်းပင် မျက်နှာ ဝင်းခနဲလက်သွားကာ . . .

''အဆိုးထဲက အကောင်းလို့ပဲ ပြောရမယ် ကိုဘသစ်၊ ကျွန်မ စဉ်းစားမိတာတစ်ခုရှိတယ်''

''ဟေ . . . ဘာများလဲ''

''ဒီလိုလေ . . . သမီးငယ်က အတိတ်ကို မမှတ်မိတော့မယ့်အတူတူ ဟိုကောင် ရဲမော်နဲ့ ခွဲပြီး ရအောင် အိမ်ပြန်ခေါ်ထားရင် မကောင်းဘူးလား။ အဲဒါဆိုရင် ရှေ့ဆက်ရမယ့် သမီးငယ်ရဲ့ဘဝသစ်ကို ကျွန်မတို့သဘောအတိုင်း စိတ်ကြိုက် ပြန်စီစဉ်လို့ရတာပေါ့ . . . ဟင် . . . ကိုဘသစ်''

ဦးဘသစ်တစ်ယောက် နဖူးကြောကြီးများ ထောင်အောင် အတန်ကြာ စဉ်းစားသွားသည်။ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီးမှ ထပ်ကာ ခေါင်းခါလိုက်ပြန်၏။

''မင်းအစီအစဉ်က ကောင်းပေမယ့် . . . လောလို့မဖြစ်သေးဘူး မနွယ်နွယ်၊ ဟိုကောင် ရဲမော်က ခု သမီးငယ်နဲ့ တရားဝင်လင်မယားလေ၊ ဒီကောင်က လွယ်လွယ်နဲ့ လက်ခံမှာမဟုတ်ဘူး။ ငါတို့ ဒီကိစ္စကို အေးအေး ဆေးဆေး အချိန်ယူစဉ်းစားမှဖြစ်မယ်''

စကားအဆုံးမှာပဲ ဒေါ်နွယ်နွယ်က ယတိပြတ် ဆုံးဖြတ်ထားသော ပုံစံနှင့် ပြောလိုက်ပါသည်။

''ဘာပဲဖြစ်ဖြစ်ရှင် . . . ကျွန်မကတော့ ဒီကိစ္စကို ရအောင်စီစဉ်မယ်၊ သမီးငယ် အိမ်ပြန်ရောက်လာရင် အားလုံးပြီးပြီ''

■



## အခန်း (၉)

ဒီနေ့သည် ကသစ် ဆေးရုံကဆင်းရမည့်နေ့ ဖြစ်သည်။ ပစ္စည်းများ သိမ်းဆည်းနေသော ရဲမော်ကို ကသစ်က တွေတွေလေး လိုက်ကာ ကြည့်နေသည်။ ဟုတ်သည်လေ။ သူမ,အနေနှင့်တော့ အတိတ်မေ့နေစေကာမူ အရားဝင်ယောကျ်ားအိမ်သို့ပဲ ပြန်ရမည်ပေါ့။ ရဲမော်ပုံစံကတော့ တက်ကြွ ဆော့ရွှင်နေဟန်ရှိ၏။ ကသစ်အဖို့မှာတော့ ဘာကိုမှ စဉ်းစားမရသည့် ကိုယ့် ဘဝကိုယ် အားမလိုအားမရဖြစ်နေဖို့ပဲ ရှိတော့သည်လေ။

ထိုအချိန်မှာပဲ အချိန်ကိုက်ဆိုသလို အခန်းတွင်းသို့ ဦးဘသစ်နှင့် ဒေါ်နွယ်နွယ်တို့ ဝင်လာကြသည်။

ရဲမော်ကို တစ်ချက်စောင်းကာ ကြည့်လိုက်ပြီးမှ ဒေါ်နွယ်နွယ်က,


www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဘက်သို့ မျက်နှာမူ၍ . . .

"သမီး . . . ဒီနေ့ ဆင်းရမယ်ဆိုတာ သိလို့ မေမေတို့ လာခဲ့တာ သမီးရဲ့၊ သမီးငယ် မေမေတို့နဲ့ ပြန်လိုက်ခဲ့မလားဟင်"

ကသစ် ဘာမှပြန်မပြောခင်မှာပဲ ရဲမော်က ဆတ်ခနဲ လှည့်ကြည့်လိုက်ပြီး . . .

"ဘယ်လိုပြောလိုက်တာလဲ အန်တီ၊ ကျွန်တော့်မိန်းမကို ကျွန်တော့်အိမ်ပဲ ပြန်ခေါ်သွားမှာပေါ့၊ ကသစ် အတိတ်ကို ပြန်မှတ်မိဖို့အတွက် ကျွန်တော် အများကြီး ကြိုးစားရဦးမှာ"

ဒေါ်နွယ်နွယ်က မျက်နှာမဲ့လိုက်သည်။

"အမယ်လေး . . . အပြောကြီးလိုက်တာ၊ မင်းလိုအနေအထားနဲ့များ၊ ငါတို့ကလည်း မွေးထားတဲ့ သမီးပါဟဲ့၊ နေမကောင်းတဲ့အချိန်မှာ အနားကို ခေါ်ထားချင်တာပေါ့"

ရဲမော်က ခေါင်းခါလိုက်သည်။ ကသစ်ကို တစ်ချက်ကြည့်လိုက်ပြီးမှ ဒေါ်နွယ်နွယ်အား . . .

"ရိုင်းတယ်ထင်ချင်လည်း ထင်ဗျာ၊ အန်တီတို့က ဆိုင်ပဲ ဆိုင်တော့တာလေ၊ ခုချိန်မှာ ကျွန်တော်က, ကသစ်ကို ပိုင်တာဗျ၊ ဒီတော့ . . . ကျွန်တော်ပဲ ခေါ်သွားမယ်၊ အန်တီတို့ တွေ့ချင်ရင်တော့ လာတွေ့နိုင်တယ်ဒါပဲ"

"ဟဲ့ . . . နင် . . . နင် စကားကို လက်လွတ်စပယ် မပြောပါနဲ့ ခုချိန် ငါတို့လည်း သမီးအတွက် သောကရောက်ရတာပဲ"

"လာမပြောနဲ့ဗျာ . . . မရဘူး"





ရဲမော်ကလည်း အသဲအသန်ပဲ ငြင်းနေသည်။ သူတို့ကို ကြည့်ကာ ကသစ် ခေါင်းတွေကိုက်လာတော့၏။ ထို့ကြောင့် ခပ်ကျယ်ကျယ်ပင် အော်ပြောလိုက်သည်။

"တော်ကြပါတော့ . . . မေမေနဲ့ရဲမော်က တွေ့လိုက်ရင် စကားပဲများနေတာပဲ၊ ဒီမှာ ခေါင်းတွေ ကိုက်နေပြီ"

နှစ်ယောက်စလုံး အသံတိတ်သွားကြသည်။ ထိုအခါမှ ရဲမော်က အသံကိုနှိမ့်ရင့် ပျော့ပျောင်းသောမျက်နှာထားနှင့် . . .

"ဆောရီးပဲ ကသစ်၊ ငါ နင့်ကို ဘယ်လိုမှ မထည့်လိုက်နိုင်လို့ပါ၊ ထည့်လိုက်ရင် ငါ နင့်ကို တစ်သက်လုံး ဆုံးရှုံးရလိမ့်မယ်"

"ဟင်"

ထိုစကားကိုတော့ ကသစ် နားမလည်လိုက်ချေ။ ရဲမော်က ဘာကြောင့် အဲလိုပြောတာလဲ။ ပြန်မေးရန် ဟန်ပြင်လိုက်ချိန်မှာပဲ ဦးဘသစ်က

"ကဲ . . . တော်ကြတော့ကွာ၊ သမီးရဲ့ဆန္ဒအတိုင်းပဲ ငါတို့ လောလောဆယ် ဆုံးဖြတ်ကြတာပေါ့၊ ကဲ သမီးငယ် . . . မိဘနဲ့ယောကျ်ားအိမ် ဘယ်အိမ်ကို လိုက်သွားချင်လဲ"

မေးခွန်းက အဖြေရကျပ်စေသည်။ အတိတ်ကို ပြန်ကြည့်လိုက်လျှင် အဖြူရောင်လွင်ပြင်ကျယ်ကြီးကိုသာ မြင်နေရသော သူမအဖို့ ဘယ်လို စဉ်းစားရမည်နည်း။ သို့သော်လည်း တစ်ခုခုတော့ ဆုံးဖြတ်ပေးရတော့မည်။

မိဘဆိုသောလူတွေကို မယုံလို့တော့မဟုတ်။ သို့သော် . . . ယောကျ်ားဆိုသည့် ရဲမော်က သူမ,အတိတ်ကို ပြန်တူးဖော်ပေးရန် စိတ်အား



www.burmeseclassic.com

www.burmeseclassic.com



ထက်သန်နေသည်ဟု ထင်မိသည်။

ထို့ကြောင့် သက်ပြင်းပါးပါးချလိုက်ပြီးမှ . . .

"သမီး . . . သမီး . . . တရားဝင်ယောက်ျားဖြစ်တဲ့ ရဲမော်နဲ့ပဲ လိုက်သွားလိုက်ပါ့မယ်၊ ဘာဖြစ်လို့လဲဆိုတာ ထပ်မမေးကြပါနဲ့"

စကားအဆုံးမှာ ရဲမော်မျက်နှာက ဝင်းပသွားသလောက် ဒေါ်နွယ်နွယ့်မျက်နှာက မဲထွက်သွားသည်။ ဦးဘသစ်ကလည်း ခပ်ကြွဲကြွဲ ခေါင်းခါလိုက်၏။

ထိုအချိန်မှာပဲ ဒေါ်နွယ်နွယ်က လေသံကို လျော့ချလိုက်ပြီး . . .

"အေးလေ . . . ခုချိန်မှာတော့ သမီးသဘောပါပဲ၊ မေမေ့အိမ်လိပ်စာနဲ့ဖုန်းနံပါတ်တွေ ရေးပေးခဲ့မယ်၊ သမီးကြိုက်တဲ့အချိန် လာခဲ့နော်၊ မိဘအိမ်က အေးချမ်းပြီး နွေးထွေးလုံခြုံပါတယ် သမီးရယ်"

စာရွက်တစ်ရွက်ပေါ် လိပ်စာနှင့်ဖုန်းနံပါတ်တွေ ရေးကာ ပိုက်ဆံတစ်အုပ်နှင့်အတူ ဒေါ်နွယ်နွယ်က, ကသစ်၏လက်ကိုင်အိတ်ထဲ ထည့်ပေးလိုက်သည်။ လောလောဆယ်အနေအထားအရ သူမအဖို့ လိုက်လျောပေးရန်ပဲ ရှိတော့သည်မဟုတ်လား။

■



## အခန်း (၁၀)

"ဒီအိမ်ပဲ ကသစ်၊ နင်နဲ့ငါ လက်ထပ်ပြီးကတည်းက အတူတူနေခဲ့တဲ့ အိမ်လေး၊ လက်မထပ်ခင်တုန်းကလည်း . . . နင် ခဏခဏ ရောက်ပါတယ်"

ရဲမော်က ပျော်ရွှင်ဟန်ဖြင့် တတွတ်တွတ်ပြောနေသည်။ ခြံဝင်းထဲမှ တစ်ထပ်တိုက်ပုလေးကိုကြည့်ကာ ကသစ် စဉ်းစားလိုက်သော်လည်း သုံးဝမမှတ်မိ။ နေရာစိမ်းတစ်ခုလို ဖြစ်နေသည်။

သို့သော်လည်း နေချင်စရာ တိုက်လေးဟု၍တော့ ကသစ် ထပ်တွေးလိုက်မိ၏။

ညှော်ခန်းထဲရောက်ရောက်ချင်း ကသစ် ဝေ့ကာကြည့်လိုက်မိ၏။

www.burmeseclassic.com



ပစ္စည်းတွေက အများကြီးမရှိသော်လည်း ခေတ်မီသပ်ရပ်စွာ ပြင်ဆင်ထားသည်ကို တွေ့လိုက်ရသည်။ နံရံတစ်နေရာမှာ ချိတ်ဆွဲထားသည့် ဓာတ်ပုံတွေကိုကြည့်ကာ ကသစ် ပခုံးအသာတွန့်လိုက်မိ၏။

ကသစ်နှင့်ရဲမော်တို့၏ ဘွဲ့ဓာတ်ပုံများအပြင် သူတို့နှစ်ယောက် မင်္ဂလာဆောင် အဝတ်အစားတွေနှင့် ရိုက်ထားသောဓာတ်ပုံများ။ ပြီး ... သူမနှင့်ရဲမော် တွဲရိုက်ထားသည့် ဓာတ်ပုံသေးသေးလေးတွေလည်း ရှိသေးသည်။

ဓာတ်ပုံတွေကြည့်နေသော ကသစ်ကို ရဲမော်က ပြုံး၍ကြည့်နေရင်းက ...

''တခြားသူငယ်ချင်းတွေနဲ့ ရိုက်ထားတဲ့ပုံတွေလည်း ရှိသေးတယ် ကသစ်ရဲ့ အယ်လ်ဘမ်ထဲမှာလေ၊ ပြီးတော့မှ ... ကြည့်တော့၊ လာ ... ကသစ်ကို အိမ်ထဲ လိုက်ပြဦးမယ်''

ရဲမော်နောက်သို့ ကသစ် အသာလိုက်သွားလိုက်သည်။ ရဲမော်က မီးဖိုခန်း၊ ရေချိုးခန်း၊ အိမ်သာ ... စသဖြင့် လိုက်ပြပြီးမှ အိပ်ခန်းနှင့်အိပ်ခန်းထဲမှ ကသစ်၏အဝတ်အစားဗီရို စသဖြင့် မိတ်ဆက်ပေးနေသေးသည်။ ကသစ်အဖို့မှာတော့ အရာအားလုံးက ပတ်ဝန်းကျင်အသစ်တွေချည်း ဖြစ်နေသည်။

ထိုသို့လိုက်ကြည့်နေရင်းက သတိရသဖြင့် ကသစ် လှမ်းမေးလိုက်သည်။

''ရဲမော် ... နင်က ဘာအလုပ်လုပ်တာလဲ''

ပခုံးအသာတွန့်ရင်း အိပ်ခန်းထဲတွင် ချိတ်ထားသော ဂစ်တာကို





ရဲမော် လှမ်းပြလိုက်သည်။

ကသစ်က အံ့သြဟန်လေးနှင့် ...

''ဘာလဲ ... နင်က အဆိုတော်လား''

ရဲမော်က ရယ်သည်။ ပြီးမှ ...

''မဟုတ်ပါဘူးဟာ၊ စနက်ဘားတစ်ခုမှာ ဂစ်တာတီးတာပါ၊ ငါတို့မှာ အဖွဲ့လေးရှိတယ်လေ၊ အဲဒီလူတွေနဲ့လည်း နင် သိပါတယ်၊ ဒါပေမဲ့ ... ခုတော့ ထပ်မိတ်ဆက်ပေးရတော့မှာပေါ့''

ထိုစကားကြောင့် ကသစ်က မသိမသာလေး ပြုံးလိုက်မိသည်။ ထိုအချိန်မှာပဲ ရဲမော်က ဆတ်ခနဲ ...

''ဟာ ... အရေးကြီးတာ ပြရဦးမယ် ... လာလာ ကသစ်''

အိမ်ရှေ့ဧည့်ခန်းဆီသို့ ပြန်ကာ ခေါ်သွားပြန်သည်။ ရဲမော်က တီဗွီခုံတွင်ထိုင်ကာ စီဒီတစ်ချပ်ကို စက်ထဲထည့်ရင်း ...

''ငါတို့ လက်ထပ်တဲ့နေ့က ဒီအိမ်လေးမှာပဲ စားသောက်ကြရင်း အပျော်ရိုက်ထားတဲ့ ဗီဒီယိုလေး၊ နင် ... ဘာပြန်မှတ်မိမလဲဆိုတာ ကြည့်ကြည့်ပေါ့''

ပြောပြီး ရဲမော်က ထ,ထွက်သွားသည်။ ကသစ် ထိုင်ကာ ကြည့်နေလိုက်၏။

တကယ်ပင် ရိုက်ထားသည့် ဗီဒီယိုဖိုင်က ရဲမော်နှင့်သူမတို့ လက်ထပ်အပြီး သူငယ်ချင်းများနှင့် စနောက်ပျော်ရွှင်နေကြသောပုံရိပ်များ ဖြစ်နေသည်။

ထိုဗီဒီယိုကိုကြည့်ကာ စိတ်ထဲ ပျော်သလိုလို ဖြစ်လာရသော် ငါ

www.burmeseclassic.com



ရဲမော်နဲ့ လက်ထပ်တုန်းက ဒီလောက်တောင် ပျော်နေခဲ့တာလားဟုလည်း မချင့်မရဲတွေးမိသည်။ ရဲမော်နှင့်သူမ အပြန်အလှန် နမ်းကြသည့်နေရာ ရောက်တော့ ရင်တွေဘာတွေပင် ခုန်သွားရ၏။

ဗီဒီယိုဖိုင်လေးပြီးသွားတော့ မျက်စိမှိတ်ကာ အတိတ်ကို ပြန်စဉ်း စားကြည့်သည်။ ခေါင်းတွေ မူးနောက်လာရုံမှလွဲပြီး ဘာမှစဉ်းစားမရ။ သို့နှင့် ကိုယ့်ကိုယ်ကိုယ် မချင့်မရဲဖြစ်ကာ စိတ်တိုလာရတော့သည်။

ခေါင်းခါလိုက်ရင်း အခန်းထောင့်မှာ ရပ်ကြည့်နေသည့် ရဲမော်ဆီ မျက်နှာမူလိုက်ကာ . . .

"ငါ ဘာမှပြန်စဉ်းစားလို့မရဘူး ရဲမော်၊ ဒါတွေဟာ . . . တကယ် ဖြစ်ခဲ့တာ မှန်ပေမယ့် ငါ့အတွက် ကိုယ်တိုင်မဟုတ်ဘဲ တခြား ငါနဲ့တူတဲ့ လူတစ်ယောက် ရိုက်ထားသလိုပဲ ခံစားရတယ်၊ နင့်ကိုတော့ ငါ အားနာပါ တယ်"

"ဟုတ်တယ်၊ ခုတောင် မူးနောက်နောက်နဲ့ ငြီးစီစီဖြစ်လာပြီ၊ ငါ ရေချိုးချင်တယ်ဟ"

စကားအဆုံးမှာ ရဲမော်က ခပ်ဟဟရယ်လိုက်ပြီး . . .

"ချိုးလေ၊ အိပ်ခန်းထဲမှာလည်း ရေချိုးခန်း၊ အိမ်သာ ရှိသေးတာပဲ ဘာလဲ . . . အရင်ကလို ငါနဲ့ အတူတူရေချိုးချင်လို့လား"

ရဲမော်အပြောကြောင့် ကသစ်မျက်နှာတစ်ခုလုံး ရဲဗလောင်ခတ် သွားသည်။ ရှက်စိတ်နှင့် ခပ်တင်းတင်း ပြန်ကြည့်လိုက်ကာ . . .

"ရဲမော် . . . ငါ့ကို အဲလို လာမနောက်နဲ့ . . . ငါ မကြိုက်ဘူး"

"အေးပါ ကသစ်ရယ် . . . ဆောရီး . . . ဆောရီး ကဲပါ . . . သွား





ချိုးတော့"

ကသစ် ရေချိုးပြီး ထွက်လာတော့ အကျီဗလာကျင်းကာ ပဝါကို ခါးမှာ ပတ်ထားသည့် ရဲမော်နှင့် ရင်ဆိုင်မိသဖြင့် ရင်ဖိုရသေးသည်။

မျက်နှာလွှဲလိုက်သော ကသစ်ကြောင့် ရဲမော် ခပ်တည်တည်ပဲ . . .

"ငါလည်း ရေချိုးမလို့ပါ"

"အေးလေ . . . ငါက ဘာမေးနေလို့လဲ"

ရဲမော် ရေချိုးနေချိန်မှာပဲ ကသစ် အဝတ်အစား အမြန်လဲလိုက် သည်။ ပြန်ထွက်လာတော့မှ ကသစ်က မရဲတရဲကြည့်ကာ လှမ်းပြောလိုက် သည်။

"ရဲမော် . . . ငါ နားချင်ပြီဟ . . . အိပ်တော့မယ်"

ဒီတစ်ခါတော့ ရဲမော်လည်း ထပ်မနောက်တော့။ အလိုက်သတိ နှင့် ခုတင်ပေါ်မှ ခေါင်းအုံးတစ်လုံးဆွဲကာ ယူလိုက်ရင်း . . .

"ကသစ် . . . အထဲက လော့ချပြီး စိတ်ချလက်ချအိပ်နော်၊ ငါ အပြင်က ဆိုဖာမှာပဲ ညအိပ်လိုက်ပါ့မယ်"

ပြောရင်း ထွက်သွားသည့် ရဲမော်ကိုကြည့်ကာ ကသစ် စိတ်မ ကောင်းဖြစ်သွားရသည်။

သူဟာ ငါ့ယောကျ်ားတစ်ယောက်ဆိုရင် ငါ့လုပ်ရပ်တွေဟာ တစ် ...သတ်ဆန်ပြီး မှားနေပြီလား။

ထိုသို့တွေးသော်လည်း အဖြေက မရချေ။ ရဲမော်ကို လက်...ခံ ...ချိန်တွင် သူစိမ်းယောကျ်ားတစ်ယောက်ထက် နည်းနည်း ပိုသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ခံစားမိသေးသည်။ ရဲမော်အပြောအရ သူတို့နှစ်ယောက်က ချစ်လို့လက်ထပ်ခဲ့ကြတာဆိုလျှင် ရဲမော်အပေါ် သူမ ဘယ်လောက်ချစ်လဲ၊ ဒါတွေလည်း ဘာမှမမှတ်မိချေ။

နောက်ဆုံးတော့ လူးလိမ့်ကာ စဉ်းစားရင်း ကသစ် အိပ်ပျော်သွားလေသည်။

■

## အခန်း (၁၁)

နောက်နေ့ အိပ်ရာက နိုးတော့ ကသစ်စိတ်တွေ အတော်လေးကြည်လင်နေသည်။ စိတ်ထဲ ပထမဆုံး မှတ်မိလိုက်သည်က သူမ,သည် ရဲမော်အိမ်သို့ ရောက်နေပါလားဆိုသည့်အသိ ဖြစ်၏။ ထူးထူးခြားခြား လုံခြုံနွေးထွေးသလိုလည်း ခံစားလိုက်ရသည်။ ဘာကြောင့်မှန်းတော့ မသိချေ။

အိပ်ခန်းထဲမှာရှိသော ရေချိုးခန်းတွင် ကိုယ်လက်သန့်စင်လိုက်သည်။ ဒီအိမ်မှာက ကိုယ့်အသုံးအဆောင်ပစ္စည်းတွေက နေရာတကျ ပြည့်ပြည့်စုံစုံရှိနေသည်လေ။ သင့်တော်သည့် အဝတ်အစားတစ်စုံ လဲလိုက်ၿပီး နာရီကြည့်လိုက်တော့ ခုနစ်နာရီထိုးနေပြီ။

တံခါးလော့ချ်ဖွင့်ကာ အပြင်ထွက်လိုက်ချင်းမှာပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"မောနင်း ကသစ် . . . လာ ဘရိတ်ဖတ် စားရအောင်"

"ဟင်"

အခန်းဝမှာ အသင့်စောင့်နေသည့် ရဲမော်က ပြောလိုက်ခြင်း ဖြစ်၏။ ကသစ် ရုတ်တရက် အံ့ဩကြောင်အမ်းသွားပြီးမှ . . .

"သြော် . . . အင်း မောနင်း ရဲမော်၊ အပြင်ထွက်ပြီး စားမှာလား"

ရဲမော်က ရယ်လျက် . . .

"ဘယ်ကလာ . . . နင်က မနက်စာကို အပြင်ထွက်စားတာ မကြိုက်ဘူး . . . အရှုးမလေးရဲ့ လာ . . . ငါ ဒီမှာ ပြင်ထားတယ်"

အရှုးမလေးဆိုသည်မှာ ရဲမော် ခဏခဏသုံးသော နာမ်စားဖြစ်ဟန်တူသည်။ မေးမယ်ကြံလိုက်ပြီးမှ ကသစ် မမေးဖြစ်တော့။

နောက်ဘက်က ထမင်းစားပွဲရောက်တော့ ပြင်ထားသည့် မနက်စာကို တွေ့လိုက်ရသည်။ ပေါင်မုန့်မီးကင်ကာ ကြက်ဥဟတ်ဖရိုက်ကြော်ထားသည်။ ကော်ဖီအိုးကလည်း အသင့်ရှိနေ၏။

ကသစ် ခုံမှာထိုင်လိုက်တော့ ရဲမော်က ပေါင်မုန့်နှစ်ချပ်ကို ထောပတ်သုတ်ပေးပြီး ကြက်ဥကြော်တစ်လုံးနှင့်အတူ ပန်းကန်ထဲ ထည့်ပေးသည်။ ပြီး . . . ကော်ဖီတစ်ခွက်ကိုလည်း ထပ်ကာ ဖျော်ပေးသေးသည်။ ကသစ်အတွက် ပြင်ပေးပြီးမှ သူ့အတွက် ပြင်ဆင်လိုက်၏။

စားကြည့်လိုက်တော့ စိတ်ထဲမှာ နှစ်သက်သည့် အစားအစာဖြစ်နေသည်မို့ . . .

"စားလို့ကောင်းသားပဲဟ၊ အပြင်က သွားဝယ်တာလား။ ပြီးတော့ . . . အရင်ကဆို မနက်ပိုင်း နင် ဒီလိုပဲ လုပ်ပေးနေကြလား"





ရဲမော်က လက်ကာပြရင်းက . . .

"ဖြည်းဖြည်းမေးပါ ကသစ်ရယ်၊ တစ်ခုချင်း ဖြေပါ့မယ်၊ စားလို့ကောင်းတယ်ဆိုတာက နင်ကြိုက်တတ်တဲ့ မနက်စာမို့ပါ၊ နောက် . . . မေးခွန်းကို ဖြေရရင် ငါကိုယ်တိုင်လုပ်ထားတာပါဟ၊ အဲ . . . အရင်တုန်းကတော့ နင်က မနက်စာကို အပြင်ထွက်စားတာ မကြိုက်လို့ ဒီလိုပဲ မနက်ပိုင်း ပြင်ပေးနေကျလေ၊ အဟဲ . . . ဟုတ်ပြီလား"

ပြောပြီးမှ ရဲမော်က ခပ်ဟဟရယ်သည်။ ကသစ်လည်း အားနာသွားပြီး . . .

"ဟုတ်လား . . . ငါ မှတ်ထားပါ့မယ်၊ နောက်နေ့ဆို ငါ ထပြီးလုပ်ပေးပါ့မယ်၊ ဒီမနက်စာလောက်တော့ ငါ လုပ်တတ်မယ် ထင်တာပဲ"

ရဲမော်က ထပ်ကာ ရယ်လိုက်သည်။ ပြီးမှ . . .

"အရှုးမလေးရဲ့ . . . နင့်ကို လုပ်ပေးစေချင်လို့ ပြောနေတာ မဟုတ်ဘူး အရင်က ကိစ္စတွေကို သိရအောင် ပြောပြနေတာ၊ နင်မှ နေမကောင်းသေးတာလေ၊ ငါပဲ လုပ်ပေးမှာပေါ့"

စားနေရင်းက အားနာရပြန်သည်။ ကျေးဇူးပဲဟု ပြောလိုက်တော့ ရဲမော်က ယောက်ျားကြီးတန်မဲ့ မျက်စောင်းထိုးလေ၏။

စားသောက်ပြီးတော့ ရဲမော်က . . .

"ငါ အလုပ်ကိစ္စတစ်ခုအတွက် အပြင်ခဏသွားဦးမယ် ကသစ်၊ နင်းအတွက် လိုအပ်တာတွေ ပြင်ပေးခဲ့မယ်လေ"

ပြောရင်းပင် ရဲမော်က နေ့လယ်ဘက် ကြည့်ရအောင် အခွေခွေ
နဲ့ တအုပ်တွေပါ ထုတ်ပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ . . . နင်ကြိုက်တဲ့ အခွေနဲ့ စာအုပ်တွေချည်းပဲ"

ကသစ် ဘာမှပြန်မပြောဘဲ ပြုံး၍သာ ခေါင်းညိတ်ပြလိုက်၏။

အပြင်ထွက်ခါနီးတော့ ရဲမော်က တစ်ချက်လှည့်ကြည့်ကာ . . .

"အသစ် . . . နင် ငါ့ကို နှုတ်မဆက်တော့ဘူးလား"

ရုတ်တရက် ကြောင်သွားရသည်။ ရဲမော် သွားခါနီး ဘယ်လိုနှုတ်ဆက်ခဲ့သည်ကို သူမ မမှတ်မိ။ ထို့ကြောင့် . . .

"အေးအေး . . . သွားလေ . . . စောစောပြန်ခဲ့နော်"

စကားအဆုံးမှာ ရဲမော်မျက်နှာက ချက်ချင်း လင်းခနဲဖြစ်သွားပြီး

"ဟာ . . . ဘယ်ဆိုးလို့လဲဟ . . . ငါမိန်းမ နှုတ်ဆက်တာ တစ်ချက်တော့ မှန်သွားတယ်"

အရင်က ငါ ဒီလိုပဲပြောခဲ့တာလားဟုတွေးကာ ကသစ်ရင်ထဲ နွေးခနဲ ဖြစ်သွားရ၏။ ရဲမော် လှည့်ထွက်သွားတော့မှ ဆတ်ခနဲ လှမ်းမေးမိသည်။

"ရဲမော် တစ်ချက်မှန်တယ်ဆိုတော့ နောက်တစ်ချက်က ဘာလဲဟင်"

သုံးလေးလှမ်း လှမ်းပြီးမှ ရဲမော်က ဆတ်ခနဲ လှည့်ကြည့်သည်။ ပြီး . . . မြတ်နိုးသောအကြည့်တွေနှင့် တော်တော်ကြာအောင် စိုက်ကြည့်နေပြီးမှ ပြောကာ လှည့်ထွက်သွားလေသည်။

"ကသစ် . . . နင်လေ . . . ငါ အပြင်သွားခါနီးဆိုရင် အဲလို စောစောပြန်ခဲ့ဖို့လည်း အမြဲမှာတယ်၊ ပြီးတော့ . . . ငါ့ကိုလည်း နမ်းသေးတယ်ဟ"

"အို"

■



## အခန်း (၁၂)

အိမ်ထဲမှာ တစ်ယောက်တည်း စာအုပ်ဖတ်လိုက်၊ အခွေကြည့်လိုက် လုပ်နေရင်းက ကသစ် ပျင်းလာရ၏။ သို့နှင့် အိမ်ရှေ့ဧည့်ခန်းကို သန့်ရှင်းရေး လုပ်လိုက်သေးသည်။ ပြီးတော့လည်း . . . ဘာမှလုပ်စရာမရှိသဖြင့် ယောင်တောင်တောင် ဖြစ်နေမိ၏။

နောက်တော့ တစ်ယောက်တည်း အိမ်ထဲမနေချင်တော့သဖြင့် အဝတ်အစားလဲပြီး လက်ကိုင်အိတ်ဆွဲကာ အိမ်မှထွက်လာခဲ့လိုက်၏။ အိမ်သော့က သော့ချောင်းတန်းလန်းနှင့်မို့ ခတ်ကာ သော့ယူလာခဲ့သည်။ ခြံတံခါးကိုတော့ အသာစေ့ထားခဲ့လိုက်၏။

အပြင်ထွက်ပြီး လမ်းလျှောက်လိုက်မှပဲ ပိုပြီးလန်းဆန်းသွားသလို


www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရ၏။ လမ်းထိပ်နားရောက်တော့ အိမ်ရှေ့လမ်းပေါ်၌ တံမြက်စည်းဖြင့် သန့်ရှင်းရေးလုပ်နေသည့် ဦးလေးကြီးတစ်ယောက်က လှမ်းကာမေးသည်။

''သမီး . . . အပြင်သွားမလို့လား၊ ကောင်လေးကော''

ကြောင်သွားပြီးမှ ရဲမော်ကို မေးတာပဲဟု စဉ်းစားမိသဖြင့် . . .

''အလုပ်သွားတယ် ဦးလေး''

ဦးလေးကြီးက ပြုံးလျက် . . .

''အေးအေး . . . ကောင်းတယ်၊ ကောင်းတယ်၊ သမီးတို့လင်မယား ကြည့်ရတာ စိတ်ချမ်းသာတယ်ကွဲ့၊ ကိုယ်စီကိုယ်ပိုင်အလုပ်ကလေးတွေနဲ့ ဆိုတော့ ကောင်းတာပေါ့''

''ဟုတ် . . . ဟုတ်ကဲ့ပါ ဦးလေး''

နှုတ်ဆက်ကာ ဆက်ထွက်လာခဲ့ပြီးမှ ကသစ် စဉ်းစားမိသည်။ အလုပ်ဆိုပါလား။ ငါကကော ဘာကိုယ်ပိုင်အလုပ်လုပ်တာလဲ၊ စဉ်းစားမရ၊ ရဲမော် ပြန်လာမှ မေးဦးမယ်ဟု တေးထားလိုက်သည်။

လမ်းသွယ်လေးမှ ချိုးထွက်လိုက်တော့ ကားတွေတစီစီ ပြေးလွှားနေသည့် လမ်းမကျယ်ကြီးကို တွေ့လိုက်ရသည်။ လမ်းဘေးဝဲယာမှာလည်း ဆိုင်တွေက နေရာတိုင်းနီးပါး။

ကသစ်လည်း ပျော်သလိုဖြစ်ကာ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် လျှောက်ကြည့်ရင်း ပစ္စည်းအသေးစားလေးတွေပင် ဝယ်လိုက်သေး၏။ အိတ်ထဲမှာကလည်း ပိုက်ဆံတစ်အုပ်က မေမေပေးထား၍ ရှိနေသည်လေ။

ထိုသို့လျှောက်သွားနေရင်းက အချိန်အတော်ကြာနေပြီမှန်း သတိထားမိလိုက်သည်။ သို့နှင့် အိမ်ပြန်ရန် စိတ်ကူးရပြီး ကြည့်လိုက်သောအခါ အပြန်လမ်းကို မမှတ်မိတော့။ နေရာကလည်း ကိုယ်ပထမဆုံးရောက်ဖူးသည့် ပတ်ဝန်းကျင်လို ဖြစ်နေသည်လေ။

လမ်းဘေးတစ်နေရာမှာရပ်ရင်း ဘာလုပ်ရမည်မှန်းမသိဘဲ ကသစ် ဇောချွေးတွေ ပြန်လာသည်။ အိမ်အပြန်လမ်းကို မမှတ်မိတော့ပြီ။ ပြီးမှ တစ်ခုသတိရသဖြင့် အိတ်ထဲကြည့်လိုက်တော့ မေမေပေးထားသည့် လိပ်စာနှင့် ဖုန်းနံပါတ်ပါစာရွက်ကို ထုတ်လိုက်၏။

စတိုးဆိုင်တစ်ဆိုင်ထဲဝင်ကာ ထိုဆိုင်မှ ဖုန်းဖြင့် စာရွက်ပေါ် ရေးထားသည့် ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။

တစ်ဖက်က ထူးထူးချင်း ကသစ်က . . .

''ဟဲလို . . . ကသစ်ပါ၊ ခုလေ . . . အိမ်က ထွက်လာပြီး လမ်းပျောက်နေလို့ အိမ်နဲ့ မနီးမဝေးလောက်မှာပါပဲ''

တစ်ဖက်မှ မေမေက, ကသစ် ရောက်နေသည့်လမ်းနှင့် ပတ်ဝန်းကျင်ရှိ ဆိုင်နာမည်များကို မေးသည်။ ကသစ်လည်း စတိုးဆိုင်ရှင်ထံ လမ်းနာမည်မေးလိုက်ပြီး အနီးအနားရှိ ဆိုင်နာမည်များကို ရွတ်ပြလိုက်၏။

သိပ်မကြာပါချေ။ ကားအကောင်းစားကြီးတစ်စီးက, ကသစ်ရှေ့သို့ ထိုးရပ်လာပြီး ဒေါ်နွယ်နွယ်ဆိုသည့် သူ့မ,၏အမေ ဆင်းလာလေ၏။

''သမီး''

■







www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

ဆိတ်ငြိမ်ရပ်ကွက်တစ်ခုရှိ ခမ်းနားလွန်းသော အိမ်ကြီးသို့ရောက်သည့်တိုင် ကသစ် အံ့သြစိတ်မပြေသေးချေ။ ငါ ဒီလောက်ချမ်းသာတဲ့မိသားစုဘ မွေးဖွားလာတာလားဟု တွေးလိုက်မိသည်။

မေမေက, ကသစ်ကို လက်ဆွဲခေါ်ကာ ...

"လာ သမီး ... ဒါ သမီးရဲ့အိမ်ပဲလေ"

မေမေ့နောက်သို့ ပါသွားရသည်။ အိမ်ထဲရောက်တော့ မေမေက

"သမီးကြီး ဇုဝါရေ ... ညည်းညီမလေး ပါလာပြီဟဲ့ လာကြည့်ဦး"

အိမ်အပေါ်ထပ်မှ ဖေဖေနှင့်အတူ သူမနှင့် ရုပ်ချင်းဆင်သော အမျိုးသမီးတစ်ယောက်ပါ ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါ … သမီးရဲ့မမ ငုဝါလေ”

စကားအဆုံးမှာပဲ ငုဝါဆိုသော အစ်မက, ကသစ်ကိုဖက်ကာ ငို လေတော့သည်။

“ညီမလေးရယ် … လွမ်းလိုက်တာ၊ မမက ညီမလေး ဆေးရုံမှာ ကတည်းက လိုက်လာချင်တာ၊ ခရီးလွန်နေတာနဲ့ ကြည့်စမ်း … ငါ့ညီမ လေးက ပိုချောလာသလိုပဲ”

“ကျေးဇူးပါ မမ”

ကသစ် နွေးနွေးထွေးထွေး ခံစားလိုက်ရသည်။

မေမေကပဲ …

“ကဲ … ငုဝါ … သမီးငယ်ကို အိမ်ထဲလိုက်ပြလိုက်ပါဦး”

“ဟုတ်ကဲ့ … မေမေ၊ လာ … ညီမလေး”

ဧည့်ခန်းထဲ အရင်ဝေ့ကာ ကြည့်လိုက်တော့ သူမ အပါအဝင် မိသားစုဓာတ်ပုံကြီးကိုပါ တွေ့လိုက်ရသည်။ ကသစ် ပခုံးတွန့်လိုက်မိ၏။

မမက အိမ်ကြီးထဲ အနှံ့လျှောက်ပြပြီးမှ …

“လာ … ညီမလေးရဲ့အခန်းကို သွားမယ်”

ဒီတစ်ခါ မမ ဖွင့်ပြသည့်အိပ်ခန်းကျယ်ကြီးထဲမှာတော့ ခေတ်မီ ပစ္စည်းများဖြင့် နေချင်စရာကောင်းလွန်းလှသည်။ ခုတင်ကြီးထက်မှာလည်း အရွယ်စုံ မွေးပွရုပ်တွေက အများကြီး။ ကသစ် ရင်သပ်ရှုမောဖြစ်သွားရသည်။

ခုတင်ပေါ် ပစ်လှဲချလိုက်တော့ ခန္ဓာကိုယ်က အိခနဲနစ်ဝင်သွား သည်။ ကသစ်ကိုကြည့်ကာ မမ ပြုံးနေသဖြင့် ကသစ်က …

“မမ … ဒါ ညီမလေးရဲ့အခန်းပေါ့၊ ဟုတ်လား”





မမက ရယ်လျက် …

“ဟုတ်တယ်လေ … ညီမလေး၊ ငယ်ငယ်လေးထဲကနေ … အဲ … အိမ်ပေါ်က ဆင်းမသွားအချိန်ထိ ဒီအခန်းမှာပဲ နေခဲ့တာပဲ”

“ရှင်”

ကသစ် အံ့သြရတော့၏။ သူမ အိမ်ပေါ်က ဆင်းသွားခဲ့သည်တဲ့ လေ။ သူမ ဘာကြောင့် ဒီလောက်ပြည့်စုံသည့်ဘဝထဲက ထွက်ခွာခဲ့သည် လဲ။ ရဲမော်နှင့်ကော ဘာကြောင့် လက်ထပ်ခဲ့သည်လဲ။ မေးခွန်းတွေက ဆက်တိုက်ဆိုသလို ဝင်လာတော့၏။

ထို့ကြောင့် ထရပ်လိုက်ကာ မမအနားသို့ သွားလိုက်ရင်း …

“မမ”

“ဟေ … ညီမလေး”

“ဟိုလေ … ညီမလေးက ဘာကြောင့် အိမ်ပေါ်က ဆင်းသွားခဲ့ တာလဲဟင်၊ ပြီးတော့ … ရဲမော်နဲ့ကော ဘာကြောင့် လက်ထပ်ခဲ့တာလဲ”

ရုတ်တရက် မမ မျက်နှာပျက်သွားသည်။ ပြီး … ပြောသင့် မပြော သင့် ချင့်ချိန်နေဟန်လည်း ရှိ၏။ အတန်ကြာမှ …

“အဲ … ဟို … အဲဒါကလေ … ညီမလေးကို မေမေတို့က”

စကားပင် မဆုံးလိုက်ချေ။ မေမေ အခန်းထဲသို့ဝင်လာပြီး မမကို ခပ်တင်းတင်းလေးကြည့်ကာ …

“ငုဝါ … သမီးကြီး … ဘာတွေပြောနေတာလဲ၊ သမီးငယ်က နေမကောင်းသေးဘူးလေ၊ ပြီးတော့ … အတိတ်ကိုလည်း မှတ်မိသေးတာ မဟုတ်ဘူး၊ တော်ကြာ ခေါင်းမူးနေဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောပြီးမှ ကသစ်ဘက်လှည့်ကာ . . .

"အဲဒီအကြောင်းတွေကို မေမေ ဖြည်းဖြည်းချင်း ပြောပြမှာပေါ့ သမီးရယ်၊ သမီးက ခုမှ နေကောင်းခါစပဲ ရှိသေးတာလေ၊ လာလာ . . . အောက်မှာ ထမင်းစားဖို့ ဖေဖေ စောင့်နေတယ်၊ မိသားစု စုံစုံလင်လင် စားကြတာပေါ့"

မေမေ ဆွဲခေါ်ရာနောက်သို့ ကသစ် ပါသွားပြန်သည်။ အောက်ထပ်က ထမင်းဝိုင်းမှာ ဖေဖေက အသင့်စောင့်နေ၏။

"လာလာ . . . သမီး၊ ဒီမှာ သမီးကြိုက်တဲ့ ဟင်းတွေချည်းပဲ"

ဟင်းတွေက အတော်ကို စုံပါသည်။ ဒီလောက်အများကြီးကို ဆိုင်မှာပင် သွားဝယ်လိုက်လေလားမသိ။

အားလုံး အတူတူ ထမင်းစားကြတော့ ဖေဖေက ဝမ်းသာသံကြီးနှင့် . . .

"စားလို့ကောင်းလိုက်တာ မနွယ်ရေ၊ မိသားစု စုံစုံလင်လင်နဲ့ လက်ဆုံပြန်စားရလို့လားမသိဘူး"

"ဟုတ်ပ . . . ကိုဘသစ်"

ကသစ်က ပြုံး၍ ငေးကြည့်လိုက်သည်။ သူမအပေါ် ချစ်ခင်နွေးထွေးသည့်မျက်ဝန်းတွေကြောင့် မိသားစုဆိုသော အရသာလေးကိုလည်း ခံစားလိုက်ရ၏။

စိတ်ထဲမှာ ကိုယ့်ဘဝနှင့်ပတ်သက်ပြီး ပဟေဠိတွေ ရှိနေသေးသည်ကတော့ အမှန်ပင်။

■



## အခန်း (၁၄)

အိမ်တံခါးရှေ့ရောက်ရောက်ချင်း ဆီးကြိုနေသည့် သော့ခလောက်ကြောင့် ရဲမော် ထူပူသွားရသည်။

ကသစ် ဘယ်ထွက်သွားလဲ။

ခြံဝင်းထဲပတ်ကာ အိမ်သောအရှိ အဖီဆွယ်ထားသည့် အခန်းလေးရှေ့ရောက်တော့လည်း ပိတ်လျက်သာ။

ဘာလုပ်ရမည်မှန်းမသိဘဲ စိုးရိမ်စိတ်တွေနှင့် ခြံဝင်းက အပြင်ထွက်ကာ လမ်းတစ်ဖက်တစ်ချက်ကို မျှော်ကြည့်သေးသည်။ အရိပ်အယောင်မျှ ခတွေ့။

ကသစ် သော့ပိတ်ပြီး ဟိုဒီလျှောက်သွားနေတာလား။ ဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်ကများ လာခေါ်သွားတာလား။

လျှောက်တွေးရင်း ပူပန်စိတ်က ပို၍ဖိစီးလာသည်။ ဆောင်ထားသော သော့အပိုဖြင့် အိမ်ထဲဝင်ကြည့်တော့လည်း ခြေရာလက်ရာမပျက်ချေ။ ကသစ်၏အဝတ်အစား အသုံးအဆောင်တွေကလည်း သူ့နေရာနှင့်သူ အရင်အတိုင်း။

ဖျတ်ခနဲ သတိရသွားပြီး ကသစ်၏ဖုန်းကို ခေါ်ကြည့်လိုက်သည်။ ဖုန်းမြည်သံက အိမ်ခန်းထဲမှ ထွက်လာ၏။ ကသစ်ဖုန်းလည်း ယူမသွားချေ။

ဘာဆက်လုပ်ရမည်ကို စဉ်းစားနေချိန်မှာပဲ အိမ်ရှေ့ဆီမှ ကားသံကြားလိုက်ရပြီး ကသစ်တစ်ယောက် ခြံထဲဝင်လာလေ၏။ ခုမှပဲ ရဲမော် ဖူးခနဲ လေပူမှုတ်ရင်း သက်ပြင်းချရတော့၏။ ကားဆီ လှမ်းကြည့်လိုက်တော့ ကသစ်အမေက မထီတရီအကြည့်ဖြင့် ရဲမော်ကိုကြည့်ကာ မောင်းထွက်သွားလေသည်။

ရဲမော် စိတ်ပူစွာ မေးလိုက်မိ၏။

''ကသစ်ရယ် . . . ငါ ဒီမှာ စိတ်ပူလို့ သေတော့မယ်၊ ဘယ်တွေ လျှောက်သွားနေတာလဲ''

ကသစ်က အားနာသောအကြည့်ဖြင့် . . .

''ငါလေ . . . ဟိုနား ဒီနား လျှောက်သွားရင်း လမ်းပျောက်သွားတာနဲ့ မေမေတို့ဆီ ဖုန်းဆက်လိုက်တာ၊ ခုလည်း အိမ်ကနေ ပြန်လာတာ''

ရဲမော်က . . .

''အပြင်သွားမယ်ဆိုလည်း ဖုန်းယူသွားပါလား ကသစ်ရယ်၊





နော် . . . ငါ ဘယ်မှာလိုက်ရှာရမှန်းမသိဘူး''

အံ့ဩဟန်လေးဖြစ်သွားရင်း ကသစ်က . . .

''ငါ့မှာ ဖုန်းရှိတာတောင် နင်ပြောမှ သိတာပါ၊ ဘာလဲ . . . ငါ မေမေတို့အိမ်သွားတာ နင် မကြိုက်လို့လား''

တစ်ခုခုပြောရန် ပြင်လိုက်ပြီးမှ ရဲမော်က ဘရိတ်အုပ်လိုက်ရင်း ..

''မဟုတ်ပါဘူး . . . ငါ အရမ်းစိတ်ပူသွားလို့ပါ၊ နောက်ဆို ဖုန်းကို အမြဲဆောင်ထားနော်''

''အေးပါ . . . နင် ခုလို စိတ်ပူပေးတာကို ကျေးဇူးတင်ပါတယ်''

မျက်ဝန်းတောက်တောက်လေးနှင့် ကသစ်က ပြောလာခြင်း ဖြစ်သည်။ ပြီးမှ သတိရဟန်ဖြင့် . . .

''ရဲမော် . . . ငါလေ . . . မေမေတို့အိမ်ပေါ်က ဆင်းလာခဲ့တာတဲ့ အဆိုက သိရတာပါ၊ အဲဒီအကြောင်းတွေကို နင် ဘာသိထားလဲဟင်၊ ပြီးတော့ . . . နင်နဲ့ငါနဲ့ကကော ဘယ်လိုတွေ့ကြတာလဲ''

ရဲမော် သက်ပြင်းသာ ကျိတ်ချမိတော့၏။ ကသစ်၏မျက်နှာလေးက တကယ်သိလိုသောပုံစံလေး ဖြစ်နေသည်။

ထို့ကြောင့် . . .

''ငါသိသလောက် ပြောပြမယ်နော်၊ နင်နဲ့ငါ စသိတဲ့အချိန်တုန်းက နင် အိမ်ပေါ်က ဆင်းလာတယ်ဆိုတာလည်း ငါမသိဘူး။ ငါသိသလောက်က နင် စမ်းချောင်းဘက်က တိုက်ခန်းတစ်ခုမှာ တစ်ယောက်တည်း ငှားနေတယ်၊ ပြီးတော့ . . . အနုပညာသင်တန်းကျောင်းတစ်ခု တက်နေတာ၊

www.burmeseclassic.com



နင့်သူငယ်ချင်းတွေနဲ့ ငါ ဂီတာတီးတဲ့ဆိုင်ကို လာစားရင်း ငါနဲ့ ဆုံခဲ့တာ ကာသစ်ရဲ့''

''ဒါဆို . . . ငါ့မိဘတွေက နင့်ကို ဘာဖြစ်လို့ သိနေတာလဲ''

ပင်သင့်ရှုက်ရပြန်သည်။

''အဲဒါက . . . ဒီလိုလေ၊ နင်နဲ့ငါ ချစ်သူတွေဖြစ်နေတဲ့အချိန်မှာ နင့်မိဘတွေက အိမ်ပြန်လာဖို့ လာခေါ်ကြသေးတယ်ဟ၊ အဲဒီတော့မှ နင်ဟာ သူဌေးသမီးမှန်း ငါသိတာ၊ နင်က နင့်နောက်ကြောင်းကို ငါ့ကို မပြောပြခဲ့ဘူးလေ''

''အဲ . . . အဲလို . . . လာခေါ်ကြတော့ ငါက . . .''

''အမှန်အတိုင်းပဲ ပြောမယ်နော်၊ နင် ခါးခါးသီးသီး ငြင်းခဲ့တယ် ငါနဲ့အတူ ဘဝတစ်ခု တည်ဆောက်တော့မယ်လို့လည်း ပြောတယ်၊ နင့်မိဘတွေ စိတ်ဆိုးပြီး ပြန်သွားကြတာပဲ''

''အဲဒီနောက်မှာကော''

ကာသစ်က ကလေးတစ်ယောက်လို တရစပ် မေးနေသည်။

''အဲဒီနောက် . . . ငါနဲ့ လက်ထပ်ကြတယ်၊ နင်က နင့်မိဘတွေရဲ့ စည်းစိမ်တွေကိုလည်း မမက်ဘူးလို့ အမြဲပြောတယ်၊ ငါနဲ့အတူ နင် ဝါသနာပါတဲ့ အနုပညာအလုပ်လုပ်ပြီး ဘဝကို အေးအေးချမ်းချမ်း ဖြတ်သန်းချင်တာတဲ့''

''ဟင် . . . ဒါဆို . . . ငါ အိမ်ပေါ်က ဆင်းလာခဲ့တဲ့ အကြောင်းကလည်း ဘာမှမရှိဘူး''

ပခုံး အသာတွန့်လိုက်ရင်း ရဲမော်က . . .





''အဲဒီအကြောင်းကို နင်မှမပြောတာ၊ ငါ မေးတော့လည်း နင် အနုပညာအလုပ်လုပ်တာကို အိမ်က ခွင့်မပြုလို့ဆိုပြီး ဟိုလိုလို ဒီလိုလိုပဲ ပြောတာပဲ၊ နောက်တော့ . . . နင် မကြိုက်မှန်းသိလို့ ငါလည်း မမေးတော့ဘူး။ အဲ . . . တစ်ခုရှိတာက နင် ငါနဲ့ယူတာကို နင့်အိမ်က လုံးဝသဘောတူခဲ့တာတော့ မဟုတ်ဘူး။ ငါ့လို ဂီတသမားတစ်ယောက်မှာ ဘဝအာမခံချက် မရှိဘူးပေါ့ဟာ''

စကားအဆုံးမှာ ကာသစ် အတန်ကြာအောင် ငြိမ်ဆိတ်နေသေးသည်။ ပြီးမှ . . . သက်ပြင်းပါးပါးချလျက် . . .

''သူတို့ သဘောမတူတဲ့ကိစ္စကတော့ ခုချိန်မှာ ထားပါတော့၊ ဒါနဲ့ . . . ငါက ဘာအနုပညာသင်တန်းတက်တာလဲ၊ ပြီးတော့ . . . ငါ့ရဲ့ကိုယ်ပိုင်အလုပ်ဆိုတာကရော၊ မနက်က လမ်းထဲက ဦးလေးကြီးတစ်ယောက် အမှန်ပြောလို့လေ၊ နင်ရော ငါပါ ကိုယ်ပိုင်အလုပ်တွေနဲ့ဆို''

ရဲမော် ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ ပြောပြသင့်ပြီဟု၍လည်း တွေးလိုက်ရင်း . . .

''ပြောပြမှာပါ . . . လာ ငါနဲ့လိုက်ခဲ့''

ခြံထဲတွင်ရှိသော အိမ်နှင့်အဖီဆွယ်ထားသည့် အခန်းလေးဆီ ခေါ်သွားလိုက်သည်။ အခန်းတံခါးဖွင့်ပေးလိုက်ရင်း . . .

''နင်က ပန်းချီသင်တန်းကျောင်းတက်ခဲ့တာလေ ကာသစ်၊ ဒါက . . . နင် ပန်းချီဆွဲတဲ့ စတူဒီယိုပဲ၊ ဝင်ကြည့်လေ''

ကာသစ် ယောင်နနနှင့် အခန်းလေးထဲသို့ ဝင်လာခဲ့သည်။ အခန်းထဲမှာ ပန်းချီကားအချို့ကို ချိတ်ဆွဲထားသလို၊ နံရံထောင့်မှာ ထောင်ထား

www.burmeseclassic.com



တာတွေလည်း ရှိ၏။ နောက်ပြီး ဆွဲလက်စ ပန်းချီကားတချို့ကလည်း စတန်းပေါ်မှာ ထောင်လျက်သား။ ဆေးခွက်တွေ၊ စုတ်တံတွေကို ကသစ် မမြင်ဖူးသလို ကိုင်ကြည့်နေမိသည်။

ဘုရား . . . ဘုရား။ ငါဟာ ပန်းချီဆွဲတဲ့ မိန်းမတစ်ယောက်ဆိုပါ လား။ ခုတော့လည်း . . . ဘာမှမသိသလိုပါပဲကွယ်။

ဆွဲလက်စ ပန်းချီကားတစ်ခုရှေ့မှာ ရပ်ပြီး ကသစ် ငေးငိုင်နေမိ သည်။ အတွေးတွေကလည်း ပလုံစီလျက်။

ထိုစဉ် ငြိမ့်ညောင်းသော တေးသွားတစ်ခုက အခန်းထဲ ပျံ့လွင့် လာသည်။ ရဲမော် ဖွင့်လိုက်ခြင်းပဲဖြစ်မည်။

"ကသစ် . . . နင်ကလေ ပန်းချီဆွဲရင် အဲဒီလို တေးသွားလေးတွေ ဖွင့်ထားတတ်တယ်၊ ငါကလည်း ဒီအခန်းလေးထဲ တစ်ခါတစ်ခါ ရောက် လာတတ်တယ်လေ"

တေးသံနှင့်အတူ ရဲမော်၏စကားသံက အဝေးမှ စီးမျောလာသလို ပင်။ တိုးဖွဖွသော်လည်း ပီပြင်နေသည်။ ပြီး . . . လွမ်းလွမ်းဆွေးဆွေးလေး

"ငါ ရောက်လာတိုင်း ပန်းချီကားထဲ အာရုံနှစ်နေတဲ့ နင်က မသိဘူး ကသစ်ရဲ့၊ အနားရောက်တော့မှ ငါက နင့်ရဲ့ နားသယ်စပ်က ဆံပင်လေး တွေကို လေနဲ့ အသာမှုတ်ပြီး . . ."

စကားသံနှင့်အတူ တကယ်ပင် နားသယ်စပ်ဆီမှာ အေးမြသော လေတိုးမှုလေးကို ခံစားနေရ၏။

"နင့်ကို အရမ်းချစ်တယ်လို့ ခပ်တိုးတိုးလေးပြောရင်း ဒီစတူဒီယို ထဲမှာပဲ . . . နင်နဲ့ငါ . . ."





ပြတ်တောက်သွားသောစကားသံနှင့်အတူ နောက်ဘက်မှနေ၍ ဖြည်းဖြည်းလေး သိုင်းဖက်လာသော အထိအတွေ့ကို ခံစားလိုက်ရ၏။

ထိုအခါမှ ကသစ်တစ်ယောက် စိတ်အာရုံလွင့်နေရာမှ ခတ်လိုက် သလို တွန့်ခါသွားရင်း ရဲမော်ကို အတင်းတွန်းထုတ်လိုက်သည်။ ပြီး . . . ခပ်စိမ်းစိမ်းကြည့်လျက် . . .

"နင် . . . ငါ့ကို အဲလိုလာမလုပ်နဲ့ ရဲမော်၊ ငါ မကြိုက်ဘူး။ နင်ဟာ ငါ့ယောကျ်ားဆိုတာ မှန်ပေမယ့် . . . ငါ ပြန်မမှတ်မိခင်မှာ အဲလိုအပြုအမူတွေ မလုပ်နဲ့၊ ငါ ထွက်သွားလိုက်မှာနော်"

ကသစ်၏အပြုအမူကို ရဲမော် ကြောင်ကာ ကြည့်နေမိသေးသည်။ ပြီးမှ တောင်းပန်သောမျက်နှာထားနှင့် အတင်းပင် လက်ကာပြရင်း . . .

"ဟာ . . . ဆောရီး . . . ဆောရီး . . . ကသစ်၊ ငါ . . . ငါလေ စိတ်လွတ်သွားတာ မဟုတ်ပါဘူး၊ နင်များ တစ်ခုခု ပြန်မှတ်မိမလားလို့ ကြိုးစားကြည့်တာပါ၊ နင် . . . နင် ဘယ်မှထွက်မသွားပါနဲ့ ကသစ်ရယ်၊ ငါ နင့်ကို အရမ်းချစ်တာပါ၊ ခုလည်း . . . နင် စိတ်ဆိုးနေတဲ့အချိန် ငါ ရှောင်နေပေးပါ့မယ်၊ ငါ တောင်းပန်တယ်နော် ကသစ်၊ နင် ဘယ်မှထွက် သွားပါနဲ့"

ပျက်ယွင်းသောမျက်နှာနှင့် တတွတ်တွတ်ပြောဆိုတောင်းပန်ကာ ရဲမော် ချာခနဲ လှည့်ထွက်သွားလေသည်။

ကသစ်လည်း ကိုယ့်လုပ်ရပ်ကိုယ် မမှတ်မိတော့သလို ကျောက်ရုပ် တစ်ရုပ်အလား ငြိမ်သက်တောင့်မတ်နေပြီးမှ သတိဝင်လာရ၏။

ထိုစိတ်နှင့် ရဲမော်ကို လှမ်းခေါ်လိုက်မည် ကြံသော်လည်း လည်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲ တစ်ဆိုက်ကာ အသံက ထွက်မလာပြန်ချေ။

လှမ်းကြည့်နေချိန်မှာပဲ ရဲမော်က ခေါင်းငိုက်စိုက်ချကာ မြင်ကွင်းထဲမှ ပျောက်သွားလေပြီ။

မျက်စိမှိတ်ကာ ခေတ္တငြိမ်သက်နေဖို့လောက်ပဲ ကသစ် ခုချိန်မှာ တတ်နိုင်တော့သည်လေ။

## အခန်း (၁၅)

ညနေ မှောင်ရိပ်ပျိုးပြီ။ ငှက်တွေပင် အိပ်တန်းဆီသို့ ပြန်ကြပြီး ဝင်အိုပင်ပျိုတို့လည်း လေဆိတ်၍ ငြိမ်သက်တိုးတိတ်နေကြပြီ။ ပြီး ဆည်းဆာကောင်းကင်ကြီးသည်ပင်လျှင် အထီးကျန်ကျန် ခမ်းနားနေခဲ့ပြီ။ ညနေသည် အဝေးမှ အမှောင်ရန့်များဖြင့် တဖြည်းဖြည်း သိပ်သည်းလျက်။

ခုချိန်ထိ ရဲမော် ပြန်မလာသေးသဖြင့် ကသစ် ဂနာမငြိမ်ဖြစ်နေမိသည်။ ရင်ထဲမှာလည်း ဟာနေသလို။ ရဲမော်သည် သူမ,ကို စိတ်ဆိုးသွားပြီလားမသိ။

ထိုအချိန်မှာပဲ အိမ်ရှေ့ဆီမှ ကားသံ ကြားလိုက်ရသည်။

ရဲမော် ပြန်လာပြီလား။ ရုတ်တရက် ဝမ်းသာသွားပြီး ထ,ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရန် ကြံပြီးမှ မသွားဖြစ်ဘဲ ရပ်နေမိသည်။ နားကတော့ စွံထားမိ၏။

ခြေသံဖွဖွနှင့်အတူ ရဲမော်ကို မြင်ကွင်းထဲ ဝင်လာတာ တွေ့လိုက်ရ၏။

ခပ်နွမ်းနွမ်းမျက်နှာနှင့် ရဲမော်က . . .

"နေ့လယ်က ကိစ္စကို ငါ ထပ်ပြီး တောင်းပန်တယ်နော် ကာသစ်၊ ငါ အမှားလုပ်မိသလို ဖြစ်သွားတယ်"

ချက်ချင်းဆိုသလို ကာသစ်က အပြုံးနှင့် ခေါင်းခါလိုက်ရင်း . . .

"စိတ်မဆိုးတော့ပါဘူး၊ ငါလည်း ရုတ်တရက်ဆိုတော့ ထူပူပြီး ရှိန်းသလို ဖြစ်သွားတာပါ၊ ငါ့ဘက်ကလည်း တောင်းပန်ပါတယ်"

ရဲမော်မျက်နှာက ပျော့ပျောင်းကြည်လင်လာသည်။

"အေးပါ . . . နင် နားလည်ပေးတာ ကျေးဇူးပါပဲ ကာသစ်၊ နင် ညစာစားတော့မလား . . . ငါ ပြင်လိုက်မယ်"

ခေါင်းခါလိုက်ရင်း ကာသစ်က . . .

"မစားသေးပါဘူး၊ ဟိုလေ . . . နင့်မှာ ကားပါလာတာလား"

ရဲမော်က ခေါင်းညိတ်လိုက်ရင်း . . .

"အေး . . . ငါတို့ကားက ပြင်လို့ မပြီးသေးဘူးဆိုတော့ ဒီရက်ပိုင်းတွေမှာ သုံးဖို့ ဘော်ဒါတစ်ယောက်ဆီက ငှားထားတာ"

"အတော်ပဲဟ"

ကာသစ်စကားကြောင့် ရဲမော် ကြောင်အမ်းသွားရပြီး . . .

"ဟင် . . . ဘာဖြစ်လို့လဲ ကာသစ်"

စကားအဆုံးမှာ ကာသစ်က မညီညာသော ရှက်ပြုံးဖန့်ဖန့်လေးနှင့်





"ဒီလိုလေဟာ . . . ကားရှိတယ်ဆိုတော့လေ . . . နင်နဲ့ငါ သွားခဲ့ဖူးတဲ့ နေရာလေးတွေ သွားရအောင်၊ ပြီးတော့ . . . စားခဲ့ဖူးတဲ့ ဆိုင်တစ်ဆိုင်မှာပဲ ညစာ ဝင်စားလိုက်မယ်လေ"

"နင် . . . နင် တကယ်ပြောတာလား ကာသစ်"

ပျော်ရွှင်မှုကြောင့် ရဲမော်အသံက ရှန်းကြွနေသည်။ ကာသစ်၏ရှက်ပြုံးက ပို၍ညီညာသွားကာ ခေါင်းမသိမသာ ငုံ့ချလျက် . . .

"တကယ်ပေါ့ . . . ငါလည်း တစ်ခုခုများ ပြန်မှတ်မိမလားလို့လေ"

"ရက်စ်!"

ရဲမော်၏အပျော်စိတ်နှင့် အော်လိုက်သံသည် သူမကိုပါ အပျော်ဘူးစက်သွားကြောင်း ကာသစ် ကိုယ့်ကိုယ်ကိုယ် မငြင်းလိုတော့ပါ။

ထိုသို့ဖြင့် . . .။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ထိုင်နေကျ စားသောက်ဆိုင်လေးမှအပြန် ဗိုလ်တထောင်ဆိပ်ကမ်းသို့သွားကာ နှစ်ဦးသား ငြိမ်သက်လျက် ပင်လယ်ဝဆီ မျှော်ကြည့်ဖြစ်ခဲ့ကြသည်။

ထိုမှလောက် ငြိမ်သက်အေးချမ်း၍ မက်မောဖွယ်ကောင်းလှသော ရတနာကိုးပါး စီခြယ်ထားသည့် အချိန်လေးကို တစ်ချိန်က သူမ ကောင်းကောင်း နှစ်သက်ခဲ့မည်ဆိုတာ ကသစ် အကြွင်းမဲ့ ယုံကြည်လိုက်ပါသည်။

ခုသည်ပင် စိတ်တစ်ခုလုံး ညထဲမှာ ငြိမ်းချမ်းနစ်မြုပ်နေသည်။

ညပန်းချီကားသည် ကောင်းကင်မှာ ချိတ်ဆွဲလျက်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

နောက်တစ်ရက် ...ညနေပိုင်းမှာလည်း ကသစ်ကို သူကိုတာတီးသည့် ဆိုင်သို့ ရဲမော် ခေါ်သွားသေးသည်။ သို့ပေမယ့်လည်း ... ကသစ်အတွက်တော့ မြင်ကွင်းက အစိမ်းသက်သက်။ ဒီဆိုင်လေးမှာပဲ နင်နဲ့ငါ စတွေ့ခဲ့တာပဲဟုဆိုသော ရဲမော်၏စကားကိုတော့ ပြန်ကြားယောင်မိသေး၏။

ဆိုင်မှာရှိသော ရဲမော်၏သူငယ်ချင်းများကတော့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပါသည်။

''အမယ် ...ကသစ် နင်ကနော် အက်စီးဒန့်ဖြစ်ပြီးမှ ပိုလှလားသလိုပဲ၊ ငရဲ အပြုံးအစုကောင်းလို့ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့ကွ . . . ငရဲဆိုတဲ့ကောင်က အစကတည်းကပဲ ကသစ်ကို တုန်နေအောင် ချစ်တယ်လေ၊ မင်းနဲ့ကွာတယ် မိုးကြီး"

"မင်းကလည်း တစ်မျိုး အဲ . . . ကသစ် . . . နှင် အခဆင်ပြေသလိုနေနော်၊ ငါတို့တွေဟာ သူငယ်ချင်းတွေပါဟ"

ကသစ် နွေးနွေးထွေးထွေး ပြန်ပြုံးပြမိသည်။ ခုချိန် ဒီလူတွေကို သူမ မသိပေမယ့် မင်္ဂလာဆောင်တုန်းက ရိုက်ထားသည့် ဗီဒီယိုအခွေထဲမှာ ပါဝင်သူများ ဖြစ်သည်။ ပြောရလျှင် သူမနှင့် ရင်းနှီးသူတွေ။

ထို့ကြောင့် ကသစ်က . . .

"ဒီက လူတွေအားလုံး ကျွန်မနဲ့ ရင်းနှီးကြမယ်ဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ . . . ခုချိန် မမှတ်မိသေးနိုင်တာကိုတော့ ခွင့်လွှတ်ကြပါတော်"

"အာ . . . ရပါတယ်၊ ကသစ်ကလည်း . . . တို့တွေ နားလည်ပါတယ်"

ထိုအချိန်မှာပဲ ရဲမော်၏ဘေးမှ သူငယ်ချင်းတစ်ယောက်က ကပ်တိုးလေး မေးလာသည်။

"ငရဲ . . . ကသစ်အခြေအနေက ဘယ်လိုလဲကွ၊ နည်းနည်းလေးတောင် မထူးခြားသေးဘူးလား"

စိတ်ပျက်ဟန်နှင့် ခေါင်းခါလိုက်ရင်း ရဲမော်က . . .

"လုံးဝပဲ မိုးကြီးရာ၊ ငါလည်း ကြိုးစားတာပဲ၊ ဒါပေမဲ့ . . . ကသစ်က ဘာတစ်ခုမှကို မမှတ်မိသေးဘူး"

"အေးလေ . . . ဒီကိစ္စမျိုးဆိုတာကလည်း အချိန်ပေးရတာကိုးကွ၊ စိတ်ရှည်ပေါ့ သူငယ်ချင်းရာ"

"အဲဒါတော့ ငါ မသေမချင်းပဲကွ"

မိုးကြီးက ရယ်ရင်း ရဲမော်ပခုံးကို ပုတ်သည်။ မင်းကို ယုံပါတယ်ဆိုသည့်အထာမျိုးဖြစ်၏။

ထိုစဉ် . . .

အိတ်ထဲမှ ဖုန်းမြည်သံကြောင့် ကသစ် လှုပ်လှုပ်ရှားရှား ဖြစ်သွားရ၏။ ဖုန်းထုတ်ကာ မကိုင်သေးဘဲ ရဲမော်ကို အရင်ကြည့်သည်။ ဘာလုပ်ရမလဲပေါ့။

ရဲမော်က ပြုံးလျက် . . .

"ကိုင်လိုက်လေ ကသစ်ရဲ့၊ နင့်ဆီဆက်တာပဲဟာကို"

"ဟဲလို"

ကသစ်က ဖုန်းဖွင့်ကာ ကိုင်လိုက်သည်။ တစ်ဖက်မှ ပြောစကားကို နားထောင်ပြီးမှ ရဲမော်ကိုကြည့်ရင်း . . .

"ဟိုလေ . . . မေမေတို့က မနက်ဖြန် အိမ်လည်လာခေါ်ချင်တယ်တဲ့ . . . အဲဒါ . . ."

"သွားလေ ကသစ်ရဲ့၊ လာခေါ်စရာမလိုပါဘူး၊ ငါ လိုက်ပို့ပေးမယ်လေ"

ကသစ်က သူ့အမေကို ပြန်ပြောလိုက်သည်။

ထိုနေ့ညက ရဲမော်တို့ တီးဝိုင်းသိမ်းမှ ပြန်လာခဲ့ကြသည်။

အပြန်လမ်းမှာ ကသစ်က ရဲမော်ကို ထူးခြားသောစကားဆိုလာသည်။ ရဲမော်အတွက်တော့ ထိုစကားလေးကပင် တစ်ဘဝစာ ကြည်နူးရ။





ခုနစ်စဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရဲမော်ရယ် . . . ငါလေ ဘာမှမမှတ်မိနိုင်သေးပေမယ့် နှင့်အချစ်ကိုတော့ ယုံကြည်ပါတယ်၊ ငါလည်းလေ အတိတ်ကို အရမ်းကို ပြန်မှတ်မိချင်နေပြီဟာ"

■

## အခန်း (၁၈)

မနက်ပိုင်း ပြင်ဆင်ပြီး အခန်းထဲက ကသစ် ထွက်လာတော့ ရဲမော်က မနက်စာပင် ပြင်ပေးထားလေပြီ။

ကသစ်က အားနာဟန်နှင့် . . .

"အယ် . . . ရဲမော်ရယ် . . . မနေ့က ငါ မပြောမိလိုက်ဘူး။ မေမေတို့က မနက်စာကို သူတို့ဆီမှာစားတဲ့၊ အဲဒါ . . ."

ရဲမော်က ဘာမှပြန်မပြော။ အလိုက်သိစွာပင် ဆန်ကာနှင့် စားစရာတွေကို ပြန်အုပ်ထားလိုက်သည်။

ပြီးမှ ကသစ်ကိုကြည့်လျက် . . .

"ရတယ်လေ . . . ဟိုမှာပဲ စားလိုက်ပေါ့၊ သူတို့က တစ်ခါတလေမှ



www.burmeseclassic.com

www.burmeseclassic.com



ကျေးရတာ၊ ငါက မနက်တိုင်း ကျေးနေရတာပဲလေ''

ထိုစကားကြောင့် ကသစ် ရယ်လိုက်မိသည်။ ပြီးမှ . . .

''ရဲမော် . . . အဲဒီစကားက နင် အတည်ပြောတာလား။ ရွှဲပြော နေတာလား''

ရွှတည်တည်မျက်နှာလုပ်ရင်း ရဲမော်က . . .

''အတည်ပေါ့ဟ၊ အတည် . . . အတည်''

''ဟယ် . . . ပြောပုံကိုကြည့်ဦး . . . ကလေးဆိုးကြီးကျနေတာပဲ''

ကြည့်ကာ ကသစ်က ဟက်ဟက်ပက်ပက် ရယ်လိုက်တော့သည်။ ထိုအခါမှ ရဲမော်လည်း မချိုမချဉ် မျက်နှာပေးဖြစ်လာပြီး ကသစ်ခေါင်းကို ပုတ်လျက် . . .

''အရူးမလေး . . . ရယ်မနေနဲ့၊ သွားမယ်၊ နောက်ကျနေရင် . . . နင့်အမေကြီးက ငါ့ကို မေတ္တာပို့နေမှာ . . . သိရဲ့လား''

နှစ်ယောက်သား ကားနှင့်ထွက်လာခဲ့ကြသည်၊ လမ်းမှာ ကသစ်က မျက်ခုံးလေး အတွန့်ချိုးရင်း . . .

''ရဲမော် . . . မေမေတို့ကလေ ငါ့ကို နင်နဲ့ ဘာလို့သဘောမတူ ခဲ့တာလဲ မသိဘူးနော်၊ ခုချိန် ငါသိရသလောက်တော့ . . . နင်က လူကောင်း တစ်ယောက်ပါ၊ အရည်အချင်းလည်း ရှိတယ်၊ မချမ်းသာတာတောင် ငါ့ကို လူတန်းစေ့ထားနိုင်တယ်၊ ပြီးတော့ . . .''

စကားကို ဖြတ်ထားလိုက်ပြီးမှ ခပ်တိုးတိုး ဆက်ပြောလာသည်။

''ငါ့ကိုလည်း အရမ်းချစ်တယ်လေ''

ရဲမော် စိတ်ထဲကျေနပ်သွားရသည်၊ သို့တိုင်အောင် စဉ်းစားမိသော





အတွေးကိုတော့ ပြောပြလိုက်၏။

''ဒါကတော့ဟာ . . . နင့်မိဘတွေက နင့်ကို ငါ့ထက် အဆတစ်ရာ လောက်သာတဲ့လူနဲ့များ ပေးစားချင်နေလို့လားမှ မသိတာ''

''အေး . . . ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ . . . ငါက နင့်ကိုပဲ ယူခဲ့တာ နော်၊ အဲဒီတုန်းက ငါ့မှာ တခြားဘဲ မရှိလို့နေမှာပေါ့ . . . အဟီး''

ပြောရင်း ကသစ်က ရယ်လိုက်သေးသည်။ ရဲမော်က အရူးမလေး နော်ဆိုပြီး ခေါင်းလာပုတ်ပြန်၏။ ဘာမှတော့ ထပ်မပြော။

အိမ်ရှေ့ရောက်တော့ ကသစ်က . . .

''ရဲမော် . . . အိမ်ထဲဝင်ဦးလေ၊ နင်က ငါ့ယောက်ျားဆိုတော့ ရိုက်တော့ မထုတ်လောက်ပါဘူး''

ရဲမော်က အိမ်ကြီးကိုကြည့်ကာ ပခုံးတွန့်လျက် . . .

''တော်ပါပြီ ကသစ်ရယ် . . . မဝင်တော့ပါဘူး။ သွားပြီနော် . . . ဆီးယူ''

ကသစ်က ခေါင်းအသာညိတ်ပြလိုက်သည်။ ရဲမော်ကားလေး မြင်ကွင်းထဲက ပျောက်ကွယ်သွားတော့မှ သက်ပြင်းတစ်ချက်ချရင်း အိမ်ထဲ ဝင်ခဲ့လိုက်တော့သည်။

သို့နှင့် . . .။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

အိမ်ထဲရောက်ရောက်ချင်းမှာပဲ ကသစ် အတော်အံ့သြသွားရသည်။ ဖေဖေ၊ မေမေနှင့် မမတို့၏အမူအရာတွေက တစ်မျိုးဖြစ်နေ၍မဟုတ်။ နွေးထွေးစွာ ကြိုဆိုကြပါသည်။

အံ့သြရသည်က သူ့အရှယ် ကောင်မလေးသုံးယောက်ပါ ရောက်နေကြပြီး ကသစ်ကို ရင်းရင်းနှီးနှီးလာနှုတ်ဆက်ကြ၍ဖြစ်သည်။

"ဟယ် ကသစ်ရယ် . . . မတွေ့တာ ကြာလို့လားမသိဘူး၊ အသားတွေတောင် ဖြူလာတယ်၊ နော် . . . မေသွယ်"

"ဟုတ်ပ . . . ကသစ်၊ နင်က နေနိုင်တယ်နော်၊ ယောကျ်ားရသွားပြီးကတည်းက ငါတို့ကို အဆက်အသွယ်ကို မလုပ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ငါတို့ ဖုန်းဆက်ပါသေးတယ်၊ နင် ဖုန်းမကိုင်တာ . . . ဟုတ်တယ်မလား ကသစ်"

ထိုသုံးယောက်ကိုကြည့်ကာ ကသစ် ကြောင်နေသည်။ ဘာပြန်ပြောရမှန်းမသိဘဲ အင်း . . . အဲ . . . လုပ်နေမိသဖြင့် မေမေ အနားသို့ ရောက်လာပြီး . . .

"ကဲ . . . တော်ကြပါဦး သမီးတို့ရယ်၊ သမီးတို့သူငယ်ချင်းအခြေအနေကို ပြောပြထားပြီးသားလေ၊ သမီးကလည်း ကြောင်နေမှာပေါ့၊ လာလာ . . . ထိုင်ကြဦး"

အားလုံးထိုင်မိကြတော့ မေမေကပဲ မိတ်ပြန်ဆက်ပေးသည်။

"သမီး . . . သူတို့သုံးယောက်က သမီးရဲ့အချစ်ဆုံး သူငယ်ချင်းတွေလေ၊ သမီးနဲ့ အကြာကြီးတွဲခဲ့တာ၊ သူက မေသွယ်၊ ဒီဘက်က သဇင်၊ ဟိုတစ်ယောက်ကတော့ စုစုတဲ့၊ သမီး . . . ခုပြန်မှတ်ထားလိုက်ပေါ့"

"ဪ . . . သမီးရဲ့သူငယ်ချင်းတွေလား"

ပြောရင်း ထိုသုံးယောက်စလုံးကို အားနာသလို ကြည့်လိုက်ကာ

"ဆောရီးပဲနော် . . . နင်တို့ကို ငါ တကယ်မမှတ်မိသေးလို့ပါ၊ ငါ့အခြေအနေကလည်း သိတဲ့အတိုင်း"

"ဟာ . . . ကသစ်ကလည်း အဲဒါတွေ ပြန်ပြောမနေနဲ့တော့၊ ခု ငါတို့သူငယ်ချင်းတွေ ပြန်ဆုံကြပြီပဲ၊ ပျော်ပျော်ပါးပါးနေရအောင်"

"အေးပါဟာ"

ထိုသူငယ်ချင်းသုံးယောက်ကတော့ အတော်ပင် စကားကြွယ်သူတွေဖြစ်သည်။





ကသစ်ကို ရယ်စရာတွေချည်းပြောနေသဖြင့် ရယ်နေရသေး၏။

အားလုံး ထမင်းစားသောက်ပြီး နေ့လယ်ပိုင်းအချိန်ရောက်တော့ အိမ်ကို လူတစ်ယောက် ထပ်ရောက်လာပြန်သည်။ အရွယ်ကလည်း သူမတို့နှင့် မတိမ်းမယိမ်းပင်ဖြစ်၏။ အဝတ်အစားသပ်ရပ်စွာ ဝတ်ထားပြီး ရုပ်ရည်ကလည်း သန့်သန့်နှင့်မို့ သူဌေးသားတစ်ယောက်မှန်း သိသာသည်။

ထိုလူကိုမြင်တော့ မေမေက ဖက်လှဲတကင်းပင် ကြိုဆိုပြီး ကသစ်ဖက်သို့ လှည့်၍ . . .

"သမီး ရောက်နေတယ်ဆိုပြီး ကျော်ကိုကိုဆီ ဖုန်းဆက်လိုက်တာ၊ ချက်ချင်းကို ရောက်လာတော့တာပဲ"

ကျော်ကိုကိုဆိုသည့်လူက ရှက်ရယ်ရယ်ရင်း . . .

"အန်တီကလည်း ပြောတော့မယ်၊ တကယ်တော့ ဟုတ်တယ်ဗျ"

ပြောရင်း ကျော်ကိုကိုဆိုသူက အနားသို့ ရောက်လာသည်။ မေသွယ်တို့ကိုလည်း ရင်းရင်းနှီးနှီးကြည့်၍ . . .

"အမယ် . . . မေသွယ်တို့ သဇင်တို့ပါ ရောက်နေကြပါလား"

ပြောပုံကတော့ တကယ့်ကို ရင်းနှီးလွန်းသည်။ မေသွယ်တို့ကလည်း . . .

"ထင်သားပဲ . . . ကိုကျော် ရောက်လာမယ်ဆိုတာ"

ထိုအချိန်မှာပဲ ကျော်ကိုကိုက, ကသစ်ကို မိတ်ဆွေဟောင်းတစ်ယောက်ကဲ့သို့ နွေးထွေးသောမျက်ဝန်းအစုံနှင့် ကြည့်လာပြီး . . .

"ကသစ် . . . နေကောင်းတယ်နော်၊ အင်း . . . ကသစ်ပုံစံကတော့ မပြောင်းလဲပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ကသစ်လည်း ကြောင်တက်တက်နှင့် . . .

"ဟုတ်ကဲ့ . . . ကောင်းပါတယ်ရှင့်"

"ခစ်ခစ် . . . ကသစ်ရယ် . . . နင်ကလည်း ကိုကျော်ကို ရှိသေနေလိုက်တာ၊ အေးလေ . . . ကောင်းပါတယ်"

စုစုက ရယ်ရင်း ဝင်ပြောခြင်းဖြစ်သည်။ ကသစ် တွေးကြည့်လိုက်တော့ ကျော်ကိုကိုဆိုသောသူသည် မိမိနှင့် တစ်ချိန်က ပတ်သက်ဖူးတာ သေချာသွားပြီ။

မေမေ ရောက်လာပြန်ပြီး . . .

"သမီး . . . ကျော်ကိုကိုက သမီးနဲ့အရမ်းရင်းနှီးတဲ့ လူတစ်ယောက်ပါ၊ ကဲ . . . သမီးတို့ သားတို့ စကားပြောကြဦးနော်"

ကသစ်က ကျော်ကိုကိုအား ပြုံးပြခေါင်းညိတ်၍ နှုတ်ဆိတ်လိုက်သည်။

စကားပြောကြသည်ဆိုရာမှာလည်း ကျော်ကိုကိုနှင့်ဟိုသုံးယောက်ကသာ ဒိုင်ခံပြောနေခြင်းဖြစ်သည်။ ကသစ်မှာ ကြောင်တက်တက်နှင့် နားထောင်သူသက်သက်ဖြစ်နေ၏။

ညနေစောင်းတော့ အားလုံးပဲ နှုတ်ဆက်ပြီး ပြန်သွားကြသည်။ ကျော်ကိုကိုတစ်ယောက်ပဲ ကျန်ခဲ့၏။

မေမေကပဲ . . .

"သမီးကို . . . ကျော်ကိုကို ပြန်လိုက်ပို့လိမ့်မယ်နော်"

ကသစ် တစ်ခုခုပြန်ပြောရန် ပြင်လိုက်သော်လည်း မေမေက . . .

"မေမေက စိတ်ချလို့ ပို့ခိုင်းလိုက်တာပါ သမီးရယ်"





ကသစ် ဘာမှစောဒကတက်မနေတော့။ ကျော်ကိုကို့ကားနှင့် ပြန်ခဲ့လိုက်၏။ အိမ်ရှေ့ရောက်တော့ ကသစ်ကို ချပေးပြီး ကျော်ကိုကိုက စကားဆိုသွားသေးသည်။

"ကသစ် . . . အတိတ်ကို မြန်မြန်ပြန်သတိရရင်ကောင်းမှာပဲ၊ အဲဒါမှ . . . ကိုယ် ရှင်းပြလို့ ရမှာမို့လို့ပါ"

"ရှင်"

ကျော်ကိုကိုက ဘာမှဆက်မပြောဘဲ ကားကို မောင်းထွက်သွားသည်။ ကသစ်အတွက် ပဟေဠိတစ်ခု ထပ်ကြုံခဲ့ရသောနေ့တစ်နေ့လည်း ဖြစ်၏။

ဒီတော့လည်း သက်ပြင်းချရုံမှတစ်ပါး . . .။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ညဘက် အိမ်ပြန်ရောက်တော့ ခါတိုင်းနေ့တွေလို မဟုတ်ဘဲ မအိပ်သေးသည့် ကသစ်ကို ရဲမော် တွေ့လိုက်ရသည်။ ဓာတ်ပုံအယ်ဘမ်တွေချကာ တစ်ပုံချင်း လိုက်ကြည့်နေ၏။

ရဲမော်က . . .

''ကသစ် . . . မအိပ်သေးဘူးလား၊ ဘာတွေကြည့်နေတာလဲ''

ခေါင်းဖွဖွကုတ်ရင်း ကသစ်က . . .

''ဟိုလေ ရဲမော် . . . မေမေတို့အိမ်သွားတော့ သူငယ်ချင်းဆိုတဲ့ ကောင်မလေးတွေနဲ့ တွေ့ခဲ့တယ်၊ အဲဒါ . . . သူတို့ပုံများ ဒီအယ်ဘမ်တွေထဲမှာ ရှိမလားလို့ ရှာကြည့်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရဲ့လား ကာသစ်"

ကာသစ်က ခေါင်းခါလိုက်ရင်း . . .

"ဟင့်အင်း . . . သူတို့မဟုတ်တဲ့ တခြားသူတွေပဲ တွေ့တယ်"

ရဲမော်က စဉ်းစားလျက် . . .

"ဩော် . . . ကာသစ်ရယ် . . . ဒီအယ်ဘမ်တွေက နင့်တစ်ဘဝလုံး စာမှ မဟုတ်တဲ့၊ အဲဒီသူငယ်ချင်းတွေက ဟိုခပ်ငယ်ငယ် ဆယ်တန်းလောက် တုန်းက သူငယ်ချင်းတွေလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ နင့်အမေကလည်း နင် အတိတ်ကို မှတ်မိလို မှတ်မိငြား တွေ့ပေးတာဖြစ်မယ်"

"ဟုတ်မှာပါလေ၊ ငါလည်း အဲလိုပဲ စဉ်းစားမိပါတယ်"

ကာသစ်က ညည်းပြောလေး ပြောသည်။ ရဲမော်က ဓာတ်ပုံအယ် ဘမ်တွေကို သိမ်းပေးရင်း . . .

"တော်တော့ . . . တော်ကြာ နင် ခေါင်းမူးနေဦးမယ်၊ အိပ်တော့ လေ"

"ဟော့အေး . . . ငါ မအိပ်ချင်သေးဘူး"

ထိုစကားကြောင့် ရဲမော်က တစ်ချက်စဉ်းစားလိုက်ပြီး . . .

"အဲ . . . နင် အိပ်မပျော်ရင် ငါ ဟိုတုန်းကလို ချော့သိပ်မယ်လေ"

ပြောရင်း ရဲမော်က ထသွားသည်။ ဘာသွားလုပ်မှန်း ကာသစ် စဉ်းစားမရ၊ ဘယ်လိုချော့သိပ်မှာတဲ့လဲ။

ပြန်ရောက်လာတော့ ရဲမော်လက်ထဲမှာ ဂစ်တာ ပါလာသည်။ ကြိုးအနည်းငယ် ညှိလိုက်ရင်း ရဲမော်က ကာသစ်ကို မကြည့်ဘဲ . . .

"အရင်တုန်းကတော့ . . . နင် အိမ်မပျော်ရင် ငါ့ကို ဂစ်တာတီး





နိုင်းတယ်လေ၊ နင်ကတော့ ငါ့ဘေးလာပြီး ငါ့ပခုံးမှီ နားထောင်တာပေါ့၊ ပြောပြတာနော်၊ ခုတော့ ဒီအတိုင်းပဲ နားထောင်လေ"

ကာသစ် မျက်စောင်းထိုးလိုက်မိ၏။ ပြီး . . . ဘာမှမပြောဘဲ ငြိမ် နေလိုက်၏။

မကြာခင်မှာပဲ သီချင်းသံတစ်ခုက လွင့်ပျံလာပါသည်။ ကာသစ် အတွက်တော့ စိတ်ရှုပ်ထွေးမှုများ လွင့်ပျောက်ကာ လောလောဆယ် အေး ချမ်းသွားသလို။

ဂီတဆိုတာ စိတ်အာရုံကို ဖမ်းစားနိုင်သည်လေ။

■

www.burmeseclassic.com

## အခန်း (၂၁)

စိတ်ရှည်ရှည်ထားကာ ကသစ် သွားခဲ့လာခဲ့ဘူးသောနေရာတွေ လိုက်ပို့ခဲ့သလို အမှတ်တရဖြစ်ခဲ့သည့် အတိတ်တွေကို ပြောပြသော်လည်း ခုချိန်ထိ ကသစ် တစ်ခုမှမမှတ်မိနိုင်သေး။

ကြာလာတော့ ကသစ်လည်း စိတ်ညစ်လာဟန်တူသည်။ ရဲမော်ကို ပြောလာ၏။

“ငါလည်း ငါ့ကိုယ်ငါ စိတ်ညစ်လှပါပြီ၊ ရဲမော်ရယ် . . . ငါ့အတွက် ဒီတစ်သက်က အတိတ်ဆိုတာကို ပြန်မမှတ်မိနိုင်တော့ဘူး ထင်ပါရဲ့”

“အာ . . . နင်ကလည်း ဒီလိုကိစ္စမျိုးဆိုတာ စိတ်ရှည်ရတယ်မှာ၊ နင်မကြားဖူးဘူးလား၊ တချို့ဆိုရင် ဘာမဟုတ်တဲ့အကြောင်းအရာလေး



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြန်းခနဲ အတိတ်ကို ပြန်သတိရသွားတာလေ''

ကသစ်က သက်ပြင်းသဲ့သဲ့ချသည်။ ပြီး ...

''အဲဒါက ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာပဲ ဖြစ်မှာပါ၊ ငါ့အတွက်တော့ မဖြစ်နိုင်တော့ဘူး ထင်တယ်၊ ပြီးတော့ ... နင့်ကို ငါ ပြောစရာရှိတယ်''

''ပြောလေ''

မပြောခင် ကသစ်က ငြိမ်သက်ကာ အကြာကြီး စဉ်းစားနေသေးသည်။ ပြောသင့် မပြောသင့်များ စဉ်းစားနေသည်လားမသိ။ စဉ်းစားနေချိန်မှာလည်း သက်ပြင်းခဏခဏချနေသည်။ အတော်ကြီးကြာမှ ...

''ငါလေ ... နင့်ရဲ့ဂရုစိုက်မှုတွေများလေ၊ အားနာလေပဲ ရဲမော်၊ နင်ချစ်တာကို ငါ သိပါတယ်၊ ငါကတော့ ငါ့ကိုယ်ငါတောင် ဘာမှန်းမသိသေးဘူးလေ၊ နောက်ပြီး ... နင့်ရဲ့မိန်းမတစ်ယောက်ဆိုတာကို လက်ခံထားလျက်နဲ့ နင့်အတွက် ငါ ဘာတာဝန်မှ မကျေပေးနိုင်ဘူး၊ ကြာတော့ နင့်ကို ငါ ညှာနေသလို ခံစားလာရတယ်''

စကားအဆုံးမှာ ရဲမော်က ...

''စကားတွေ အရှည်ကြီးမပြောပါနဲ့ ကသစ်၊ နင် အခု ဘယ်လိုဖြစ်ချင်နေလို့လဲ''

ပြောသာပြောနေသည်။ ရဲမော်၏မျက်နှာက ပျက်နေပြီဖြစ်၏။

ကသစ်က အကြည့်လွှဲလိုက်ရင်း ...

''ငါ ... ငါ ... အမေအိမ်မှာ တစ်လှည့်သွားနေချင်တယ် ရဲမော်''

''ဟင်''

ဟန်မဆောင်နိုင်လောက်အောင်ပင် ရဲမော် တုန်လှုပ်သွားရ၏။





ပြီး ... မနည်းအားယူကာ ပြန်မေးလိုက်သည်။

''က ... ကသစ် ... နင် ငါ့ကို ခွဲသွားတော့မလို့လားဟင် ... အဲဒီလိုကြီးတော့ ...''

စကားမဆုံးခင်မှာပဲ ကသစ်က ရဲမော်၏နှုတ်ခမ်းကို လက်ညှိုးလေးနှင့် လှမ်းပိတ်လိုက်သည်။

''ခဏပါ ရဲမော် ... နင်နဲ့ငါဟာ တရားဝင်လင်မယားဆိုတာ ငါ သိပါတယ်၊ ခုဟာကလေ နင့်ကိုလည်း အားနာတာရယ်၊ ဟိုအိမ်မှာဆို စိတ်အပြောင်းအလဲဖြစ်ပြီး တစ်ခုခုများ ထူးခြားလာမလားလို့ပါ''

မျက်နှာကိုလွှဲရင်း ရဲမော် ငြိမ်သက်နေသေးသည်။ တကယ်ခံစားနေရတယ်ဆိုတာလည်း ကသစ် မသိ၍မဟုတ်။ သိပါသည်။ ကိုယ်တိုင်လည်း ဆို့ကျပ်နေသည် မဟုတ်ပါလား။

မျက်နှာပြန်လှည့်ကာ စိုက်ကြည့်လာရင်း ရဲမော်က ...

''နင်က ဘယ်တော့လောက် သွားမှာလဲ''

ကသစ်အသံက ခပ်တိုးတိုး ...

''ငါ ဖုန်းဆက်ထားတယ်၊ ခဏနေရင် မေမေတို့ လာခေါ်လိမ့်မယ်''

''ဟင်''

ဒီတစ်ခါတော့ ရဲမော်ဆီမှ စကားမစောင့်တော့ဘဲ အိပ်ခန်းထဲဝင်ကာ အဝတ်အစားအိတ်ကို သွားယူလိုက်သည်။ ကြာရင် ပိုဆိုးတော့မည်လေ။

ရဲမော်က ညှော်ခန်းကအလယ်မှာ ငူငူကြီးရပ်နေသည်။ ကသစ်သည်း အဝတ်အစားအိတ်ကို တံခါးဝနားသွားချထားလိုက်သည်။ ထိုအချိန်



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ခြံဝမှ လာကြိုသော မေမေ၏ကားဟွန်းတီးသံကို ကြားလိုက်ရ၏။

ကသစ်က ရဲမော်နှင့် မျက်နှာချင်းဆိုင်မှာ နှုတ်ဆက်ရန် သွားရပ်လိုက်သည်။ ရဲမော်မျက်နှာကိုလည်း ကြည့်လိုက်၏။

အို . . . သူ့မျက်ဝန်းထဲမှာ မျက်ရည်တွေနဲ့ပါလား။

ကသစ်လည်း ဆို့လာသောစိတ်ကို အတင်းထိန်းချုပ်ထားပြီး . . .

"ရဲမော် . . . ငါ သွားတော့မယ်နော်၊ ငါလေ . . . အရာအားလုံးကို မှတ်မိပြီး နင့်ဆီ ပြန်လာချင်ပါတယ်"

ရဲမော် ဘာမှပြန်မပြော။ ပြော၍လည်း မထွက်တော့။ လည်ချောင်းထဲ တစ်ဆို့ပြီး ရင်ဘတ်တစ်ခုလုံး နာကျင်နေသည်။ အတော်ကြီး အားယူလိုက်သော အသံအစ်အစ်ဖြင့် . . .

"က . . . ကသစ်"

ဆက်မပြောနိုင်တော့ဘဲ ရဲမော်က, ကသစ်ကို သိုင်းကာဖက်လိုက်သည်။ ဒီတစ်ခါတော့ ကသစ်လည်း မရုန်းမိ။ အလိုက်သင့် ပြန်ဖက်ထားလိုက်သည်။ ဒီရင်ခွင်က သူနိုးနားခဲ့တဲ့ ရင်ခွင်ပါလားဟု တွေးရင်း ကသစ်လည်း ဆို့ကျပ်လာရ၏။ သို့သော် ဘာပြောရမှန်းလည်း မသိ။

တစ်မိနစ်လောက်ကြာမှ ရဲမော်က သူ့လက်တွေကို ဖြေလျှော့ပေးလိုက်ပြီး . . .

"သွားတော့လေ . . . ကသစ်"

"အေးပါ၊ ငါ ဖုန်းဆက်ပါ့မယ်"

ထိုမျှလောက်သာ ပြောနိုင်ပြီး ကသစ် အမြန်ပဲ လှည့်ထွက်လိုက်သည်။





ကားပေါ်ရောက်တော့ အိမ်လေးဆီ တစ်ချက်လှမ်းကြည့်မိသေး၏။ ရဲမော်တစ်ယောက် တစ်နေရာရာကများ ချောင်းကြည့်နေမည်လား။

အကြည့်ကို ပြန်လွှဲလိုက်ရင်း ကသစ် ဆုတောင်းမိသည်ကတော့ "အိမ်ကလေးရယ် . . . နင်နဲ့ငါ ခဏခွဲရတာမျိုးပဲ ဖြစ်ပါစေနော်"

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မိဘအိမ်မှာ နေရတာကတော့ ကသစ်အတွက် လိုလေသေးမရှိ ပြည့်စုံလှပါသည်။ အတိုင်းထက်အလွန်ဟုဆိုရလောက်အောင် အားလုံးက ဝိုင်းဂရုစိုက်ကြသည်။ မမကတော့ နဂိုကတည်းကမှ စကားနည်း၍ အနေအေးသူကြောင့်လားမသိ . . . ကသစ်ကို ဂရုစိုက်သော်လည်း တစ်ခါတစ်ခါ အဝေးကိုငေးပြီး သူ့ဘာသူ စဉ်းစားနေတတ်သည်။ သူ့ကိုယ့်ရေးကိုယ်တာကို စွက်ဖက်သလိုဖြစ်မှာစိုးသဖြင့် ကသစ်လည်း မမကို မမေးမိ။

ထိုရက်တွေမှာတော့ အိမ်ကို မေသွယ်တို့သုံးယောက်နဲ့ကျော်ကိုကို ... နေ့တိုင်း လာသည်။ ကသစ်ကိုလည်း စိတ်ပြေလက်ပျောက်ဟုဆိုကာ ...တွေ လိုက်ပို့သည်။ ပန်းခြံတွေသွားပြီး ရုပ်ရှင်တွေလည်း ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေဆိုလျှင် သူတို့ကို ကြည့်ကာ တပြုံးပြုံး။

အမှန်အတိုင်း ဝန်ခံရလျှင် ခုလို သွားလာနေရတာကို ကသစ် ပျော်ပါသည်။ သို့သော်လည်း တွေးစရာများများမရှိသည့် ဦးနှောက်ထဲမှာ သူမ,ဘဝ၏တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သော ရဲမော်ကိုလည်း သတိရမိပြန်၏။

နောက်တစ်ချက်က ကျော်ကိုကို။ သူမ,ဘဝကို သိလျက်သားနှင့် စိတ်ဝင်စားသည့် အမူအရာတွေ ပြလာသည်။ ထူးဆန်းသည်က တစ်နေရာမှာ အတူထိုင်မိကြလျှင် ခဏပဲဖြစ်ဖြစ် မေသွယ်တို့အုပ်စုက ကသစ်နှင့်ကျော်ကိုကိုအား ထားထားသွားသည်။ ရှောင်ပေးသည့်ပုံစံမျိုး ဖြစ်နေ၏။

ထိုကိစ္စအတွက် မေသွယ်တို့အား မိန်းမသားချင်း မေးကြည့်တော့လည်း ...

"ကသစ်ရယ် ... ကိုကျော်နဲ့နင်နဲ့က သူစိမ်းတွေမှ မဟုတ်တာလေ၊ ငါ မပြောချင်ဘူးဟာ၊ ဘာဖြစ်လို့လဲဆိုတော့ ... ခုလက်ရှိ နင်မှာက တရားဝင် ကာမပိုင်ယောက်ျားရှိတယ်၊ အဲဒါကြောင့်ပါ၊ ငါ ဒီလောက်ပဲ ပြောနိုင်မယ် ကသစ်"

စိတ်မောရသည်။ ဘာတွေမှန်းကို မသိတော့ချေ။ နှစ်ယောက်တည်း ရှိနေချိန်တွေဆိုလျှင် ကျော်ကိုကိုလည်း အကြည့်ရဲရဲများဖြင့် ကြည့်ကာ ...

"ကသစ် ... ဟို ... စကားတော့ ခံထားမယ်နော်၊ ကသစ် အတိတ်မေ့နေတဲ့အဖြစ်က ပြန်မကောင်းစေချင်လို့တော့ မဟုတ်ဘူး"

ပခုံး အသာတွန့်လိုက်ရင်း ကသစ်က ...

"ပြောလေ ကိုကျော် .. ဘာပြောချင်လို့လဲ"





ခဏစဉ်းစားလိုက်ပြီးမှ ကျော်ကိုကိုက ပြောလာသည်။

"တကယ်လို့များပေါ့ ကသစ် ... ဒီတစ်သက် အတိတ်ကို ပြန်သတိမရတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲဟင်"

ရင်ထဲမှာ ခပ်ဖျဉ်းဖျဉ်းလေးတော့ ဖြစ်သွားသည်။ သို့သော်လည်း ကျော်ကိုကိုက စကားခံထားသည်မို့ ...

"ကိုကျော်က ဘာကို အဓိကပြောချင်တာလဲ မသိဘူး"

မေးခွန်းကို မေးခွန်းနှင့် ပြန်တန်ပြန်လိုက်၏။

ကျော်ကိုကိုက ...

"ဒီလိုပါ ... ကသစ်က ဒီအတိုင်းလည်း လူကောင်းတစ်ယောက်ပဲလေ၊ ခုလက်ရှိအတိုင်း ရှေ့လျှောက်နေသွားရမယ်ဆိုရင် ကသစ်ရဲ့ဘဝကို ဘယ်လိုပုံစံနဲ့ ရှေ့ဆက်သွားမှာလဲ၊ ကသစ်ရဲ့ ခုလက်ရှိ အိမ်ထောင်ရေးက အစပေါ့"

"ပြော်"

ကျော်ကိုကို ဘာမေးချင်မှန်း ကသစ် နားလည်လိုက်ပါသည်။ ထို့ကြောင့် ရယ်လိုက်ရင်း ...

"ကိုကျော်သိချင်နေတာက ကျွန်မရဲ့အိမ်ထောင်ရေးကို၊ ကျွန်မပြောမယ်နော် ... ကိုကျော်က အနာဂတ်မှာ အတိတ်မေ့နေလျက်နဲ့ လက်ရှိယောက်ျားကို ဆက်ပေါင်းနေမှာလား၊ အဲဒါကို သိချင်တာမလား၊ ဘာအတွက် သိချင်တာလဲ ကိုကျော်"

မျက်နှာက ကွက်ခနဲ ပျက်သွားသည်။ ကသစ်ကို ခပ်စူးစူးပြန်ကြည့်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မေးခွန်းကို တစ်မျိုးမထင်ပါနဲ့ ကာသစ်၊ ကိုယ် အရမ်းပြောချင်ပေမယ့် အခက်အခဲ ရှိနေတယ်၊ အဲဒါက စည်းတစ်ခုကြောင့်ပဲ"

ကာသစ် နဝေတိမ်တောင် ဖြစ်သွားရသည်။

ချက်ချင်းပင် ပြန်မေးလိုက်၏။

"စည်း . . . ဟုတ်လား၊ ဘာစည်းလဲ ကိုကျော်၊ နောက်ပြီး . . . ကိုကျော်က မဖြေချင်ရအောင် ကိုကျော်နဲ့ကျွန်မကြားမှာ ဘာတွေရှိခဲ့လို့လဲ"

ခေါင်းခါကာ လက်ကာပြလာရင်း . . .

"တော်ပြီ ကာသစ်၊ အဲဒီအကြောင်းတွေ ကိုယ် ထပ်မပြောချင်တော့ဘူး၊ ကိုယ် အခွင့်အရေးသမားလည်း မဖြစ်ချင်ဘူး၊ ဒီတော့ ကိုယ်မမေးခဲ့ဘူးလို့ပဲ ထားလိုက်ပါတော့"

စိတ်ရှုပ်ရသည်။ အတိတ်မေ့နေသော သူတစ်ယောက်အတွက် ကြုံလာသည့်ကိစ္စတိုင်း ပဟေဠိတွေချည်း ဖြစ်နေသည်။ သို့သော် ကျော်ကိုကိုကို ထပ်ကာမေးမနေတော့။

ဟုတ်သည်လေ။ မေသွယ်တို့ကို မေးတော့လည်း မရေမရာပြန်ဖြေသလို ခု ကျော်ကိုကိုကလည်း ထားလိုက်ပါတော့တဲ့။ နောက်ဆုံး . . . ဉာဏ်မီသလောက် ကာသစ် စဉ်းစားကြည့်မိတော့ သူမနှင့်ကျော်ကိုကိုကြား ပတ်သက်မှုတစ်ခုတော့ ရှိကောင်းရှိပေလိမ့်မည်။ ထိုကိစ္စအတွက် ကာသစ် မေးစရာလူတစ်ယောက်ပဲ ရှိတော့၏။

အဲဒါက . . .

မေမေ။

■



## အခန်း (၂၃)

"သမီးမေးခွန်းကို မေမေဖြေဖို့အတွက် အခက်အခဲရှိတယ် သမီး။ ဘာဖြစ်လို့လဲဆိုတော့ သမီး အံ့ဩတုန်လှုပ်သွားနိုင်တယ်၊ နောက်တစ်ချက်က သမီး နားလည်လက်ခံနိုင်ပါ့မလား မေမေ မသိဘူး"

ထိုသို့ပြောမှပင် ကာသစ် ပို၍သိချင်လာရတော့၏။ ထို့ကြောင့် စိတ်ကို တင်းလိုက်ရင်း . . .

"ပြောသာပြောပါ မေမေ၊ သမီးဘဝက တစ်ဝက်သေနေပြီးသားပါ၊ သိပ်တုန်လှုပ်ဖို့တော့ မရှိလောက်တော့ပါဘူး"

မေမေက သက်ပြင်းကို ခပ်ဖြည်းဖြည်း မှုတ်ထုတ်ကာချသည်။ ပြီးမှ တစ်လုံးချင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ . . . ကျော်ကိုကိုနဲ့သမီးဟာ တစ်ချိန်က . . . အဲ ရဲမော်နဲ့သမီး မတွေ့ခင်အထိပေါ့၊ အရမ်းချစ်ကြတဲ့ ချစ်သူတွေပါ"

"ရှင်"

ကိုယ့်နားကိုယ် မယုံနိုင်အောင်ပင် ဖြစ်သွားရသည်။ မေမေက ဆက်၍ . . .

"ဟုတ်တယ် သမီး၊ တိုတိုပြောရရင် သမီးတို့ကို နှစ်ဖက်မိဘတွေကလည်း သဘောတူထားခဲ့တယ်၊ ဒါပေမဲ့ . . သမီးက ကျော်ကိုကို့ကို တခြားကောင်မလေးတစ်ယောက်နဲ့ အထင်လွဲပြီး အဆက်ဖြတ်ခဲ့တယ်၊ တကယ်တော့ အဲဒီကိစ္စဟာ သမီးအထင်လွဲခဲ့တာပါ၊ ဒါပေမဲ့ . . . သမီးက ကျော်ကိုကို ရှင်းပြတောင်းပန်တာကိုလည်း လက်မခံတော့ဘူးလေ၊ ကျော်ကိုကိုက အိမ်ကို နေ့တိုင်းလာပြီး ဂျိုတိုက်လွန်းလို့ သမီးက မေမေတို့ရဲ့ တိုက်ခန်းအပိုတစ်ခုမှာ သွားနေတာ၊ သမီးသဘောကတော့ သမီးတက်ချင်တဲ့ ကျောင်းကိုတက်ပြီး ကျော်ကိုကို့ကို ရှောင်ချင်လို့တဲ့၊ မေမေတို့မှာ ကျော်ကိုကိုတို့ဘက်ကိုလည်း အားနာ၊ ဒီဘက်ကလည်း သမီးဖြစ်နေတော့ နှစ်ဖက်လုံး အဆင်ပြေအောင် ခွင့်ပြုလိုက်ရတယ်၊ အဲဒီတိုက်ခန်းမှာနေတုန်း သမီး ရဲမော်နဲ့ တွေ့တာပါ၊ နောက်ပိုင်းကိစ္စတွေကိုတော့ မေမေ မပြောချင်တော့ဘူး သမီး"

ဘုရား . . . ဘုရား။ ကသစ်စိတ်တွေ တဒင်္ဂ ချာချာလည်သွားရ၏။ ဒါတွေဟာ တကယ့်ကို အစီအစဉ်တကျ ဖြစ်ခဲ့တာပဲလား။ အသက်ရှူမှားသလိုပင် ဖြစ်လာရ၏။

"မေမေတို့ကကော သမီးကို လာမပြောကြဘူးလားဟင်"





မေမေက မျက်နှာလွှဲလိုက်ရင်း . . .

"ပြောတယ်လေ၊ ကျော်ကိုကိုနဲ့ကိစ္စဟာ သမီးဘက်က အထင်လွဲတာပါ၊ ပြန်လိုက်ခဲ့ပါဆိုတော့ သမီးက ငြင်းတယ်၊ အဲဒီအချိန် . . . သမီး ရဲမော်နဲ့ ရည်းစားတွေဖြစ်နေကြပြီလားတောင် မသိဘူး၊ နောက်ဆုံး သမီး လက်ထပ်သွားတော့ မေမေတို့ ယူကျုံးမရဖြစ်ရသလို ကျော်ကိုကိုလည်း အတော်ခံစားလိုက်ရတယ်၊ နောက်ဆုံး သမီးက သူ့အပေါ် သစ္စာမဲ့သလို ဖြစ်သွားခဲ့တာကိုး"

"မေမေရယ်"

ကသစ် ထိုသို့သာ ညည်းနိုင်တော့သည်။ ကိုယ် မသိနိုင်တော့တဲ့ ကိုယ့်ဘဝက အမည်းစက်နဲ့ပါလား။

"ဒါတောင် ကျော်ကိုကိုက သမီးအပေါ် စိတ်မနာပါဘူး၊ ခု သမီး ဒီကို ပြန်ရောက်တော့လည်း လာတွေ့တာပဲလေ၊ ဒါပေမဲ့ . . . သူ သမီးကို ဘာမှမပြောတော့တာက သမီးမှာ ကာမ,ပိုင် လင်ယောက်ျားရှိနေတယ်ဆိုတဲ့ စည်းကြောင့်ပဲ"

ကျော်ကိုကိုပြောခဲ့သည့် စည်းဆိုသောစကားကို ကသစ် နားလည်လိုက်ပါပြီ။

ထိုအချိန်မှာပဲ မေမေက ခဏထသွားကာ ဓာတ်ပုံတချို့ယူပြီး ပြန်ရောက်လာသည်။

"ရော့ သမီး . . . အဲဒီဓာတ်ပုံတွေကိုပဲ ကြည့်လေ"

"အို"

ဟုတ်ပါသည်။ ကသစ်နှင့်ကျော်ကိုကိုတို့ နှစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်နူးနူး တွဲရိုက်ထားသောပုံတွေက ချစ်သူတွေဆိုတာ ငြင်းလို့မရ ဆက်မကြည့်ရဲတော့ဘဲ မေမေ့ကို ဓာတ်ပုံတွေ ပြန်ပေးလိုက်သည်။

မေမေက လေသံအေးအေးနှင့်ပဲ . . .

"အဲဒါကြောင့် ကျော်ကိုကိုက သမီးရဲ့ဘဝ ဘယ်လိုရှေ့ဆက်မလဲ ဆိုတာ သိချင်တာ နေမှာပေါ့၊ မေမေတို့အနေနဲ့ကတော့ သမီးကို ဘာမှ ဖိအားမပေးချင်ပါဘူး၊ နောက်ပြီး . . . သမီး စိတ်နိုင်နိုင်ထားနော်၊ ဆရာဝန်ကြီးက သမီးအနေနဲ့ အတိတ်ကို ပြန်သတိရဖို့ဆိုတာ မဖြစ်နိုင်တော့ဘူးတဲ့၊ ဒီတော့ ရှေ့ဆက်ရမယ့် ဘဝအသစ်အတွက် သမီးကိုယ်တိုင်ပဲ စဉ်းစားဆုံးဖြတ်ပေါ့ သမီးရယ်၊ ကျော်ကိုကိုကတော့ မေမေတို့နဲ့လည်း အဆင်ပြေတယ်၊ ဂုဏ်ချင်းလည်း တူတယ်၊ အဲ . . . ရဲမော်ကတော့ . . . အိုး မေမေ ဘာတွေပြောမိနေမှန်းတောင် မသိတော့ဘူး၊ သမီးလေး စိတ်ရှုပ်သွားအောင် လုပ်တာ မဟုတ်ဘူးနော်၊ သမီးသိချင်လို့သာ ပြောပြရတာ၊ ကဲကဲ . . . သွားနားတော့"

ကသစ် စက်ရုပ်တစ်ရုပ်လို အိပ်ခန်းဆီသို့ လျှောက်လာခဲ့သည်။ စိတ်ထဲမှာလည်း ဘာမှမတွေးချင်တော့လောက်အောင် မွန်းကျပ်မှုတို့က ပြည့်နက်နေ၏။

အိပ်ခန်းအဝင်ဝအရောက်မှာ . . .

"ညီမလေး"

မမ လှမ်းခေါ်ခြင်းဖြစ်သည်။ ကသစ် ခုချိန် ဘယ်သူနဲ့မှ စကားမပြောချင်တော့သဖြင့် လက်အသာကာပြပြီး အိပ်ခန်းထဲ ဝင်ကာ လော့ချလိုက်၏။





အိပ်ရာထက်ရောက်တော့မှ ကသစ် ထိန်းချုပ်ထားသမျှ ဖွင့်ချကာ အားရပါးရ ငိုပစ်လိုက်ပါတော့သည်။

■

www.burmeseclassic.com

## အခန်း (၂၄)

ထိုရက်ပိုင်းများအတွင်း ကသစ် အိမ်တွင်းအောင်းနေမိသည်။ မေသွယ်တို့ လာသည်ကိုပင် ဆင်းမတွေ့ဖြစ်။ ကျော်ကိုကိုဆိုလျှင်တော့ ဝေးလာဝေး။ မတွေ့ရဲ၍မဟုတ်။ မတွေ့ချင်၍ဖြစ်သည်။

စိတ်ထဲမှာ ရှုပ်ထွေးပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေမိသည်။

ရဲမော်ကို ဖုန်းဆက်မည်ဟု ပြောထားခဲ့သော်လည်း မဆက်ဖြစ်။ ရဲမော်ဘက်က ခေါ်မည်ကိုပင် မကိုင်ဘဲ ဖုန်းပိတ်ထားလိုက်သည်။ ရဲမော် တစ်ယောက် ခံစားရမည်ဆိုတာကို ကသစ် အကြွင်းမဲ့ယုံပါသည်။ သို့သော် ကိုယ့်ခံစားချက်တွေကို ဘယ်လိုပြောထွက်မည်လဲ။

မေမေတို့သဘောကတော့ ကျော်ကိုကိုနှင့်ပတ်သက်ပြီး အပျော့ခွဲ

www.burmeseclassic.com

www.burmeseclassic.com



နှင့် ဖိအားပေးနေခြင်းဖြစ်သည်။ ရဲမော်ကိုမှ ကြည့်မရသည်ကိုး။ အခြေအနေကလည်း ကွာလွန်းသည်လေ။

မိမိဘက်က တစ်ခုခုဆုံးဖြတ်ရမည်ဆိုလျှင် ရဲမော်ဆီ အပြီးသွားပြီး ဟိုးအရင်အတိတ်မမေ့ခင်ကလို လင်မယားဘဝနှင့်နေနိုင်ပြီလား။ ထိုသို့လည်း မရဲသေးချေ။ ကျော်ကိုကိုကတော့ ပိုဝေး၏။ ဒီအတိုင်း တစ်ယောက်တည်းနေလိုက်လျှင်လည်း ရဲမော်အပေါ် မတရားရာကျဦးမည်။ မိမိ ဘယ်သူ့ကို ပိုချစ်သည်ဆိုတာကတော့ ပြန်မရနိုင်တော့သည့် အတိတ်ကို သွားကြည့်မှပဲ သိရမည်။ သို့သော် ထိုကိစ္စက မဖြစ်နိုင်တော့။

ဆရာဝန်ကြီးကလည်း မိမိ ဒီဘဝဖြင့်သာ နေသွားရမည်ဟု ပြောပြီးပြီ။ သူမလောက် စိတ်ရှုပ်ထွေးမွန်းကျပ်ရသောသူသည် ကမ္ဘာမှာ ရှိမည်မထင်တော့။

ဒီကြားထဲ မေမေတို့က ကသစ်အတွက် မွေးနေ့ပွဲလုပ်ပေးချင်သည်ဟု ဆိုလာသည်။ သူမ အိမ်ပြန်ရောက်နေပြီဖြစ်ကြောင်း ပြချင်တာလည်း ပါမည်ထင်၏။

ကသစ်ကတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ထိုမွေးနေ့ပွဲလုပ်ရန် လက်ခံလိုက်၏။ ထိုပွဲကို ရဲမော်ကိုလည်း ဖိတ်လိုက်မည်။ သူမ သိချင်နေသည်က ခုလက်ရှိအချိန်၊ လက်ရှိဦးနှောက်၊ လက်ရှိနှလုံးသား၊ လက်ရှိခံစားမှုက ဘယ်သူ့အပေါ် အလေးသာသလဲ သိချင်၍ဖြစ်၏။

ထိုဆုံးဖြတ်ချက်သည် မှားလား၊ မှန်မလား ကသစ် မသိချင်တော့။ ကိုယ့်အတိတ်ကိုတောင်မှ မသိနိုင်တော့သည့်ဘဝ မဟုတ်လား။

ထိုစိတ်ကူးနှင့်ရဲမော်ဆီ ဖုန်းဆက်လိုက်သည်။ ဖုန်းများစောင့်နေ





လားမသိချေ။ ချက်ချင်း ပြန်ပြောလာသောအသံ မှတ်မှတ်သိပ်သိပ်။

"ကသစ်ရယ် . . . ဘယ်လိုလုပ်လိုက်တာလဲ၊ ငါ . . . နင့်ကို စိတ်ပူနေမယ်၊ သတိရနေမယ်ဆိုတာ မသိဘူးလား"

သက်ပြင်းသာ နိုးချမိတော့၏။

"ငါလည်း စိတ်ရှုပ်နေလို့ပါ ရဲမော်ရယ်၊ ဘာအကြောင်းကြောင့် စိတ်ရှုပ်လဲဆိုတာတော့ မမေးပါနဲ့တော့"

ရဲမော်ဘက်က ခဏငြိမ်သွားသည်။ ပြီးမှ . . .

"အေးပါ . . . မမေးတော့ပါဘူး။ ဒါနဲ့ . . . နင် အိမ်ပြန်မလာသေးဘူးလားဟင်"

အိမ်ဆိုသောစကားကြောင့် ရင်ထဲ လှိုင်းထသွားရသည်။ ဟုတ်သည်လေ။ သူတို့နှစ်ဦးသား အတူနေခဲ့ကြသည့်အိမ်လေးပဲလေ။

ပင့်သက်ကို ထပ်ကာရှိုက်ရင်း ကသစ်က . . .

"လောလောဆယ် . . . ငါ မဆုံးဖြတ်ရသေးဘူး ရဲမော်၊ တစ်မျိုးတော့ မထင်ပါနဲ့ဟာ၊ အဆင်သင့်မဖြစ်သေးလို့ပါ၊ ငါကလေ ပြန်လာရင်တောင် အတိတ်မေ့နေပေမယ့် ဟိုအရင်လို စိတ်မျိုးနဲ့ အိမ်ပြန်လာချင်တာပါ။ ဒါပေမဲ့ . . . ခုလောလောဆယ်တော့ နားလည်ပေးပါဦး"

ဖုန်းထဲမှာပင် ရဲမော်၏ပင့်သက်ရှိုက်သံကို ကြားလိုက်ရသည်။

"ဒါဆို . . . ခုက နင် ပြန်မလာသေးဘူးဆိုတဲ့အကြောင်း ပြောဖို့ ဖုန်းဆက်တာလား ကသစ်"

"ဟင့်အင်း . . . နင့်ကို ငါ့မွေးနေ့ ဖိတ်ချင်လို့"

"ဗျော်"

ခုနှစ်ဆဲ့ကြယ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ရဲမော်၊ ငါ့မွေးနေ့နဲ့ ပတ်သက်ပြီး နင်က ဘာမှ မခံစားရလို့လား"

ရဲမော်က ရယ်သည်။ နာနာကျင်ကျင်ရယ်သံနှင့် ရယ်ခြင်းဖြစ်သည်။

"မဟုတ်ပါဘူး ကသစ်ရယ် . . . လာမယ့် ( ) ရက်နေ့ဟာ နင့်မွေးနေ့ဆိုတာ ငါ သေတောင် မမေ့ပါဘူး။ ငါကလေ အိမ်လေးထဲမှာ ငါတို့နှစ်ယောက်တည်း ကျင်းပခဲ့တဲ့ နင့်မွေးနေ့အတွက် အားလုံးစီစဉ်ထားပြီးသားပါ၊ ဘယ်လိုကျင်းပလဲဆိုတာတော့ နင် မသိချင်ပါနဲ့တော့"

ကသစ် စိတ်မကောင်းဖြစ်သွားရသည်။ အားတင်း၍ ထပ်မေးလိုက်ပါသည်။

"ဒါဆို . . . ဒီအိမ်မှာ ကျင်းပမယ့် ငါ့မွေးနေ့ကို နင်မလာတော့ဘူးလား ရဲမော်"

ခေတ္တမျှ အသံတိတ်နေပြီးမှ . . .

"တကယ်တော့ နင်တို့အသိုင်းအဝိုင်းထဲကို ငါ မလာချင်ဘူး။ ဒါပေမဲ့ . . . ငါ လာခဲ့မှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ နင့်ကို တွေ့ချင်လို့ပဲ၊ အဲဒီစိတ်တစ်ခုတည်းနဲ့ လာခဲ့မှာပါ"

ရဲမော်ရယ်ဟု စိတ်ထဲက ရေရွတ်လိုက်မိသည်။ သူမနှင့်ပတ်သက်ပြီး ရဲမော်က အသေးစိတ်ကအစ အလေးထားတာကို ငြင်းလို့မရ။

"အေးလေ . . . ငါ စောင့်နေမယ်နော် . . . ရဲမော်"

ကသစ်စကားအဆုံးမှာ ရဲမော်က မဆိုင်သောစကားကို ပြောရင်း ဖုန်းအရင်ချသွားလေသည်။





"ကသစ် . . . နင့်ဘက်က ဘာတွေပဲဖြစ်ဖြစ် ဘယ်လိုပဲဆုံးဖြတ်ဆုံးဖြတ်၊ ငါ့ရဲ့လက်သန်းကြွယ်က တက်တူးလက်စွပ်လေးကိုတော့ ဘယ်တော့မှ ဖျက်မှာမဟုတ်ဘူး၊ အဲဒါ ငါ့အတွက် တစ်သက်စာပဲ"

ကသစ် ဖုန်းကိုင်ကာ ငိုင်တွေနေဆဲ။ သူမသည် ရဲမော်ကို တစ်ဖက်သတ်ကြီး နာကျင်စေမိပြီလား မသိချေ။

ဖြစ်နိုင်လျှင် ကသစ် ဒီကမ္ဘာပေါ်က ပျောက်ဆုံးသွားချင်မိတော့၏။

ဒါပေမဲ့ . . . ခုတော့ . . . ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

မွေးနေ့ပွဲသည် အတော်စည်ကားပါသည်။ မိဘတွေ ပျော်နေသလောက် ကသစ်မှာ မသိသောလူများကို ပြုံးပြနှုတ်ဆက်နေရသည်။ မမကတော့ ဒီညမှပို၍ ငြိမ်သက်နေသလိုပင်၊ စားပွဲတစ်ခုမှာ တစ်ယောက်တည်းထိုင်နေသည်။

မေသွယ်တို့ကလည်း လာကူညီကြပါသည်။ ကျော်ကိုကိုကတော့ အတက်ကြွဆုံးဖြစ်၏။ မသိလျှင် သူ့မွေးနေ့ဟုပင် ထင်ရလောက်သည်။ ကသစ်ကိုခေါ်ကာ ဟိုလူနှင့်မိတ်ဆက်ပေးလိုက်၊ ဒီလူနှင့် မိတ်ဆက်ပေးလိုက်လုပ်နေသည်။ ဒီကြားထဲ ကသစ် သတိရနေမိသည်က ရဲမော်။ ဘာဖြစ်လို့ခုထိ မလာသေးသည်မသိ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငါးမိနစ်လောက်ကြာတော့မှ ကသစ် ဟိုဇီဇေ့ကြည့်ရင်း ထောင့်တစ်နေရာတွင် တစ်ယောက်တည်း ထိုင်နေသည့် ရဲမော်ကို တွေ့လိုက်ရသည်။ ကသစ်စိတ်ထဲ ဝမ်းသာသွားကာ ရဲမော်ဆီ ခပ်သွက်သွက် သွားလိုက်၏။

ကသစ်အနားသို့ရောက်သွားတော့ ရဲမော်က ထရပ်လိုက်သည်။

ကသစ်က အရင်မျက်စောင်းထိုး၍ . . .

''နင်ကလည်း ရောက်နေတာတောင် ငါ့ဆီ လာပြီး နှုတ်မဆက်ဘူး''

ရဲမော်က သူ့မ,မျက်နှာကို နောက်တစ်ခါ မမြင်ရတော့မှာမို့ မှတ်မိအောင် ကြည့်နေသလိုမျိုး စူးစူးနစ်နစ် ကြည့်နေသည်။

ကသစ်ပင် မနေတတ်ဖြစ်လာရ၏။

''ရဲမော် . . . ငါပြောတာ ကြားရဲ့လား''

ထိုအခါမှ လှုပ်လှုပ်ရှားရှား ဖြစ်သွားရင်း ရဲမော်က . . .

''သြော် . . . မဟုတ်ပါဘူး၊ နင်က အရမ်းလှနေလို့ပါ၊ ပြီးတော့လေ . . . နင့်ဆီ ငါလာရင် ငါက လောလောဆယ် နင့်ယောက်ျားမို့ မဏ္ဍပ်တိုင် တက်ပြတယ်ဆိုပြီး တချို့လူတွေ ထင်နေမှာစိုးလို့ပါ''

''သြော်''

ကသစ်က ခပ်တိုးတိုးလေး ရေရွတ်လိုက်သည်။ ပြီးမှ . . .

''ဒါနဲ့ . . . နင်က ငါ့ကို ဘာလက်ဆောင်ပေးမှာလဲ''

စကားအဆုံးမှာ ရဲမော်မျက်နှာ တည်သွားသည်။

''ရုပ်ဝတ္ထုပစ္စည်းအနေတော့ ပေးစရာလက်ဆောင် ပါမလာဘူး





ကသစ်ရဲ့ နင် ကြည့်လို့ပဲရမယ့် လက်ဆောင်မျိုးပေါ့''

''ဟင် . . . ဘာလဲ''

''ဒီမှာလေ''

ရဲမော်က အင်္ကျီကို ဟကာ ဘယ်ဘက်ရင်ဘတ်ကို ပြလိုက်သည်။

''အို''

ရင်ဘတ်ပေါ်တွင် 'ကသစ်' ဟု စာလုံးရေးကာ တက်တူးထိုးထားသည်ကို တွေ့လိုက်ရသည်။

''ရဲမော် . . . ရယ်''

''ငါ . . . ဒါပဲ တက်နိုင်တော့တယ် ကသစ်၊ ပြီးရင်လည်း ငါ တစ်ယောက်တည်းပဲ ပြန်ရမှာလေ''

ရုတ်တရက်ဆိုသလို ထူးဆန်းသည့် ခံစားမှုတစ်မျိုး ခံစားလာရသည်။ ဘယ်လိုမျိုးတော့ ကသစ် မဝေခွဲတတ်။ အဝေးက တစ်ခုခုလာနေသလိုမျိုးဖြစ်သည်။

ထိုအချိန်မှာပဲ . . .

''ကသစ် . . . လာလာ . . . မွေးနေ့ကိတ်လှီးရအောင်''

''ဟင်''

ကျော်ကိုကိုက လာခေါ်ခြင်းဖြစ်သည်။ ခုနက ခံစားမှုလေးက ဟုမ်ခနဲ ပျောက်ကွယ်သွား၏။

ထိုအချိန်မှာပဲ . . .

ကျော်ကိုကို့အကြည့်က ရဲမော်ဆီ ရောက်ကာ မျက်နှာဆတ်ခနဲ တည်သွားသည်။ ထိုနည်းတူစွာပင် ရဲမော်အကြည့်ကလည်း ကျော်ကိုကို

www.burmeseclassic.com



အပေါ်မှာ စူးစူးရဲရဲ။

ရဲမော်က အရင် . . .

"ကသစ် . . . ဒီကောင်က နင့်ကို ဘာဖြစ်လို့ ထပ်ပြီးပတ်သက်နေတာလဲ"

"ဟင်"

ကသစ် အံ့ဩသွားရသည်။ ထိုအချိန်မှာပဲ ကျော်ကိုကိုက ပြန်၍

"ဟောကောင် . . . မင်း ဘာတွေလာပြောနေတာလဲ၊ မင်းနဲ့ဒီ ဒီနေရာမှာ မရှင်းချင်ဘူးနော်"

ကြားကနေပြီး ကသစ် ဘာလုပ်ရမှန်းမသိ ဖြစ်နေမိသည်။

"ရှုးချင်ယောင်ဆောင်မနေနဲ့၊ ကျော်ကိုကို . . . မင်း ဘယ်အချိုးချိုးနေတယ်ဆိုတာ ငါ သိတယ်"

ရဲမော်စကားအဆုံးမှာ ကသစ်က ကြားဝင်၍ . . .

"တော်တော့ ရဲမော် . . . ကိုကျော်ဟာ ဘာလဲဆိုတာ ငါ သိပြီးပြီ"

"ဘာ"

ဒီတစ်ခါ အံ့ဩရသူက ရဲမော်ဖြစ်သည်။ ကသစ်ကို မယုံနိုင်သလို ကြည့်ကာ . . .

"ဘယ်လို . . . ဘယ်လို . . . ကသစ် . . . နင်က ဘာတွေ သိနေတာလဲ"

"သူ သိသင့်တာ သိတာပေါ့ကွ၊ မင်းက ဘာလုပ်မလို့လဲ"

ရဲမော်က ကသစ်ကို ဆတ်ခနဲ ခပ်စူးစူးကြည့်လိုက်သည်။

"ကသစ် . . . ဒီကိစ္စကို ဒီကောင်နဲ့ ငါ နှစ်ယောက်တည်း ရှင်းမယ်၊





နင် ဝင်မပါနဲ့၊ ကျော်ကိုကို . . . မင်း ယောက်ျားဆိုရင် ငါနဲ့လိုက်ခဲ့"

ရဲမော်က ဆတ်ခနဲ ခြံထောင့်ဘက်ဆီသို့ ထွက်သွားသည်။

"ရဲမော်"

ကသစ် လှမ်းခေါ်လိုက်သော်လည်း ရဲမော်က လှည့်မကြည့်တော့။

ကျော်ကိုကိုက ကသစ်ကိုကြည့်ကာ လူကြီးလူကောင်းကဲ့သို့ ခပ်အေးအေးအသွင်ဖြင့် . . .

"ကသစ် . . . ကိုယ်လိုက်သွားလိုက်မယ်၊ သူက ဘာကိုရှင်းချင်လို့လည်း မသိဘူး၊ စိတ်ချပါ . . . ကိုယ် အေးအေးဆေးဆေး ပြောတတ်ပါတယ်"

"ဘာမှမဖြစ်ကြပါနဲ့နော် . . . ကိုကျော်"

"စိတ်ချပါ . . . ကသစ်ရဲ့၊ သွား . . . ဟိုမှာ မွေးနေ့ကိတ် သွားလှီးပေးလိုက်"

ပြောရင်း ကျော်ကိုကိုက ရဲမော်နောက်သို့ လိုက်သွားသည်။ မွေးနေ့ပွဲကျင်းပရာ မြက်ခင်းပြင်နှင့် ခပ်လှမ်းလှမ်းမှာ ဖြစ်၏။

"ဟောကောင် . . . ငါ ရောက်ပြီ"

အသံကြားလိုက်သဖြင့် ရဲမော်က ဆတ်ခနဲ လှည့်ကြည့်လာသည်။ မျက်နှာထားကတော့ တင်းမာနေ၏။

"ဒီမှာ ကျော်ကိုကို . . . ငါ ရှင်းရှင်းပဲ ပြောမယ်၊ မင်းကို ကသစ်က ဟိုးအရင်တုန်းကပဲ ငြင်းခဲ့တာပါ၊ ခုချိန်မှာလည်း ကသစ်က ငါ့ရဲ့တရားဝင်မိန်းမပါ၊ ဒီတော့ အေးအေးဆေးဆေးပဲ ပြောမယ်၊ အတိတ်မေ့နေတဲ့ ကသစ်ကို ဖြားယောင်းပြီး မသိမ်းသွင်းပါနဲ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ကိုကိုကလည်း ချက်ချင်းပဲ မထီတရီ ပြန်ပြောလာသည်။

"မင်း ဘာတွေလာပြောနေတာလဲ ရဲမော်၊ ကသစ်မှာ အတိတ်ဆိုတာ မရှိတော့ဘူးကွ၊ အေး . . . မင်းပြောသလို ဖြားယောင်းတယ်ဆိုရင်တောင် ဒီကိစ္စက ငါ့စနက်မဟုတ်ဘူး။ သူ့အမေကိုယ်တိုင် စီစဉ်ခဲ့တာကွ၊ အေးလေ . . . မင်းကိုမှမကြည့်တာ"

"မင်း . . . မိုက်ရိုင်းလှချည်လား ကျော်ကိုကို၊ ခု . . . မင်းလုပ်နေတဲ့ပုံက သူများမိန်းမကို ပစ်မှားနေတာကွ . . . နားလည်လား"

စကားအဆုံးမှာ ကျော်ကိုကိုက ခနဲ့သလို တဟင်းဟင်း ရယ်လိုက်ရင်း . . .

"ဒီမှာ ရဲမော် . . . ငါ ခုအချိန်အထိ ကသစ်ကို လက်မှားနဲ့တောင် မတို့ဘူး။ ဒါပေမဲ့ . . . ကံကြမ္မာက သူ့ဟာသူ ဖြစ်လာတာလေ၊ ပြီးတော့ . . . ကသစ်က အတိတ်ကို ဘယ်တော့မှ သတိရတော့မှာ မဟုတ်ဘူးကွ၊ သူလည်း သိတယ်၊ ခုလက်ရှိအနေအထားကိုလည်း ကသစ်က သာယာနေပြီ၊ မင်းဆီ ပြန်လာလိမ့်မယ်လို့ မျှော်လင့်နေတာလား ရဲမော်၊ အေး . . . လာရင်တောင် ကွာရှင်းစာချုပ်ပဲ လာလိမ့်မယ်ကွ၊ အဲဒီတော့မှ . . ."

စကားကို ဆုံးအောင်နားမထောင်နိုင်တော့ချေ။ ရဲမော်ပြေးကာ အသားကုန်ထိုးချလိုက်သည်။

"မိုက်ရိုင်းတဲ့ ကြာကူလီကောင်၊ ကဲကွာ . . . ကဲကွာ"

ဆင့်ကဲဆင့်ကဲ ထိုးနေသဖြင့် ကျော်ကိုကို မြက်ခင်းပေါ်မှောက်ကာ လူးလိမ့်နေသည်။ ရဲမော်လည်း ဒေါသကို မထိန်းနိုင်တော့ချေ။

ထိုအချိန်မှာပဲ . . .





"ရဲမော်"

ကသစ်၏အော်သံဖြစ်သည်။ နောက်တစ်ချက် ထပ်ထိုးရန် ရွယ်နေသော ရဲမော်လက်ကာက လေပေါ်မှာ ရပ်တန့်သွား၏။ ကျော်ကိုကို၏နှာခေါင်းနှင့်ပါးစပ်တစ်ဝိုက်တွင်လည်း သွေးတွေက မြင်မကောင်းလောက်အောင်ပင် နီရဲနေလေပြီ။

"ကသစ်"

ရဲမော်က ခေါ်လိုက်ခြင်းဖြစ်သည်။ ကသစ်က အက်ဆစ်မျက်ဝန်းများဖြင့် ရဲမော်အား အရည်ပျော်စေမတတ် ကြည့်နေသည်။ ကသစ်၏နောက်ဘက်မှာလည်း ရုန်းပွဲကြောင့် ဝိုင်းကြည့်လာသော ဧည့်သည်တွေ အများကြီး။

ကသစ်က လက်ညှိုးငေါက်ငေါက်ထိုးလျက် . . .

"နင် . . . တော်တော်ရိုင်းစိုင်းပါလား ရဲမော်၊ နင်က ငါ့ရဲ့မွေးနေ့ပွဲကို ဖျက်နေတာပဲ"

လက်ကာပြရင်း ရဲမော်က . . .

"မဟုတ်ဘူး ကသစ်၊ မဟုတ်ဘူး"

"ဘာမှပြောမနေတော့နဲ့ ရဲမော် . . . နင်ဟာ–ဘာ၊ ကိုကျော်ဟာ–ဘာဆိုတာ ငါသိတာပဲ၊ ခုတော့ နင်က ကိုယ့်အဆင့်အတန်း ကိုယ်ဖော်ပြလိုက်တာလေ၊ ငါ . . . အခု ဘာမှမမှတ်မိတော့ပေမယ့် နင့်လိုလူမျိုးကို ဘာကြောင့် ယူမိမှန်း စဉ်းစားလို့တောင်မရဘူး ရဲမော်၊ နင်နဲ့တန်တာ ဒါပဲ"

ပါးရိုက်ရန် လက်ရွယ်လိုက်သော်လည်း ရဲမော်က ကသစ်လက်ကို ဆီးဖမ်းထားလိုက်ပြီး အကျယ်ကြီးအော်လိုက်သည်။

"ကသစ် . . . နင် ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ လက်ကိုလွှတ်"

လက်ကို ဆောင့်ရုန်းလိုက်ပြီး ကသစ်က ရဲမော်ကို စူးစိုက်ကာ ကြည့်နေသေးသည်။ အကြည့်တို့က ပြာကျသွားမတတ်။ နှုတ်ခမ်းတစ်ဖက်ကိုလည်း ပြတ်လုမတတ် ကိုက်ရင်း . . .

"ငါ ဘာတွေဖြစ်နေလဲဆိုတာ နင် သိချင်ရင် မနက်ဖြန် အိမ်က စောင့်နေ ရဲမော်၊ ငါ ကွာရှင်းစာချုပ်နဲ့ လာခဲ့မယ်၊ ဟုတ်ပြီလား"

ပြောပြီး ကသစ် ထိုနေရာမှ ပြေးထွက်လာခဲ့သည်။ ဘာတွေဖြစ်ကျန်ခဲ့မည်ကိုလည်း မသိချင်တော့။

ရဲမော်လည်း ကသစ်ကို မျက်စိတစ်ဆုံး လိုက်ကြည့်နေပြီးမှ ကျော်ကိုကိုနှင့်ဒေါ်နွယ်နွယ်တို့ကို အံကြိတ်၍ တစ်လှည့်စီကြည့်ကာ ချာခနဲ လှည့်ထွက်လာခဲ့၏။

တည်ဆောက်ခဲ့သမျှ အရာအားလုံးက တဒင်္ဂလေးမှာပဲ ပြီးသွားခဲ့လေပြီ။

ကျော်ကိုကိုကတော့ လဲကျနေရာမှထရင်း သွေးစသွေးနတွေကို သုတ်လျက်. ဒေါ်နွယ်နွယ်ကို မသိမသာ ကြည့်လိုက်၏။

ဆတ်ခနဲ ခေါင်းညိတ်ပြလိုက်သည့် ဒေါ်နွယ်နွယ်၏အမူအရာသည် အားလုံး အိုကေသွားပြီဟု သဘောသက်ရောက်သည် မဟုတ်ပါလား။

နာကျင်နေသည့်ကြားမှ ကျော်ကိုကို အားရပါးရ ပြုံးလိုက်ပါ၏။

■



## အခန်း (၂၆)

တရှုပ်ရှုပ်ဝိုနေသော ကသစ်အနားမှာ ထိုင်လိုက်ရင်း ငုဝါက ပခုံးကို အသာဖက်လိုက်သည်။ အငိုမျက်ဝန်းများဖြင့် ကသစ်က မော့ကြည့်လာ၏။

သက်ပြင်းကို ဆွဲဆွဲငင်ငင် ချလိုက်ရင်း ငုဝါက . . .

"ညီမလေး အရမ်းမှားသွားပြီ ညီမလေး၊ အရမ်းကို မှားသွားပြီ"

ကသစ်က . . .

"မမှားဘူး မမ၊ ရဲမော်ဆိုတဲ့ကောင်ရဲ့လုပ်ရပ်ကို ကြည့်ပါလား၊ ညီမလေးကို တန်ဖိုးထားရင် သူ ဒီလိုဘယ်လုပ်ပါ့မလဲ"

ငုဝါက ခေါင်းအသာခါလိုက်ရင်း . . .

"အားလုံးဟာ အစကပဲ အစီအစဉ်တကျ မှားနေခဲ့တာ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



မှားစေခဲ့တာကလည်း မေမေပဲ''

''ဟင် . . . ဘယ်လို မမ . . . ဘယ်လို''

''တကယ်တော့ ဒီကိစ္စတွေဖြစ်တာဟာ မေမေ့ရဲ့ ညီမလေးကိုချစ်တဲ့ အတ္တတွေပါ၊ မေမေက ညီမလေးကို ရဲမော်နဲ့ကွာရှင်းပြီး ကျော်ကိုကိုနဲ့ လက်ထပ်စေချင်တယ်လေ၊ အတိတ်ကို ပြန်သတိမရနိုင်တော့တဲ့ ညီမလေးရဲ့အနာဂတ်မှာပေါ့''

ကသစ် အငိုရပ်ကာ ကြောင်အမ်းသွားရသည်။ ငုဝါ ပခုံးစွန်းကို ကိုင်ကာ လှုပ်၍မေးလိုက်၏။

''ဘာတွေဖြစ်ကုန်တာလဲ မမရယ်၊ ညီမလေးကိုလည်း ရှင်းပြပါဦး''

''ဒီအိမ်မှာ ညီမလေး နေစဉ်တုန်းကပဲ ကျော်ကိုကိုက ညီမလေးကို အသဲအသန် ကြိုက်ခဲ့တာ၊ နှစ်ဖက်မိဘတွေကလည်း အသိုင်းဝိုင်းတူဆိုတော့ မေမေက ညီမလေးကို ကျော်ကိုကိုနဲ့ ပေးစားဖို့ အတင်းအကျပ် စီစဉ်ခဲ့တယ်''

စကားကို ဖြတ်ထားလိုက်ပြီးမှ ငုဝါက ထ၍ အခန်းတံခါးလော့ချ်ကို သွားချလိုက်သည်။ ဒီအချိန် မေမေ ဝင်လာမှာကို ခွင့်မပြုဘူးဆိုသည့် သဘော။

ငုဝါက ဆက်၍ . . .

''ညီမလေးကမှ ကျော်ကိုကို့ကို မကြိုက်တာ၊ အတင်းအကျပ် စီစဉ်တော့ ခေါင်းမာတဲ့ ညီမလေးက အိမ်ပေါ်က ဆင်းသွားခဲ့တယ်''

''ဟင်''





''ညီမလေး တိုက်ခန်းငှားပြီး ပန်းချီကျောင်းတက်ဖို့ မမက မေမေ မသိအောင် ထောက်ပံ့ပေးခဲ့ပါတယ်၊ အဲဒီအချိန်မှာပဲ ညီမလေးက ရဲမော်နဲ့ တွေ့ခဲ့တာလေ''

ဖတ်ရည်ကတော့ တဖြည်းဖြည်း လည်လာချေပြီ။ စိတ်ထဲမှာလည်း ပို၍လှုပ်ရှားလို့လာ၏။

''ညီမလေးနဲ့မမက အမြဲအဆက်အသွယ်ရှိခဲ့တယ်၊ ဖုန်းဆက်တိုင်း ညီမလေးက အမြဲပြောတယ်၊ ရဲမော်နဲ့ ချစ်သူတွေဖြစ်နေပြီ လက်ထပ်တော့မယ်၊ ညီမလေး ရွေးချယ်ခဲ့တဲ့ဘဝကို ကျေနပ်ပျော်ရွှင်တယ်၊ အဲဒါမျိုးတွေပေါ့၊ မမက အိမ်မှာပဲ နေပေမယ့် . . .''

စကားမဆုံးခင်မှာပဲ အခန်းတံခါးကို တဒုံးဒုံးထုသံ ကြားလိုက်ရသည်။

''ငုဝါ . . . အခန်းတံခါးဖွင့်စမ်း၊ ညည်း . . . သမီးငယ်ကို မဟုတ်တာတွေ မပြောနဲ့နော်၊ ငါ သော့ရှာပြီး ဖွင့်ဝင်လာမှာ''

မေမေ့အသံဖြစ်သည်။ တံခါးထုနေသံကြားကာပင် ငုဝါက ဆက်ပြောလာ၏။

''ညီမလေးတို့ ဘယ်မှာနေတယ်၊ ဘာတွေလုပ်နေတယ်ဆိုတာ မမ သိပါတယ်၊ ညီမလေး အဲဒီဘဝမှာ ပျော်နေတယ်ဆိုတာလည်း မမယုံတယ်''

မျက်ရည်တွေ စို့တက်ကာ မမရင်ခွင်ထဲ ကသစ် တိုးဝင်လိုက်သည်။

''ခုလို အက်စီးဒန့်ဖြစ်ပြီး ညီမလေး အတိတ်မေ့သွားတော့ မေမေက



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးစိတ်ကို ဝေဝါးတွေပြားအောင် ဟိုကောင်မလေးသုံးယောက်ကို ငှားပြီး ကျော်ကိုကိုနဲ့ ပေါင်းစီစဉ်တော့တာပဲ၊ လုပ်ကြံဇာတ်လမ်းတွေပေါ့''

''ဟို . . . ဟို . . . ဓာတ်ပုံတွေကကော မမ''

''ဖြတ်ညှပ်ကပ်တွေပေါ့ ညီမလေးရယ်၊ ဒီလောက် တိုးတက်နေတဲ့ ခေတ်ကြီးမှာ လုပ်ဖို့က အလွယ်လေး၊ ညီမလေးမှ သေသေချာချာ မကြည့်ခဲ့တာ၊ မေမေက မမကိုလည်း မကူညီရင်နေ ဒီကိစ္စကို ဝင်မပါဖို့ အတင်းအကျပ်တားခဲ့တယ်၊ မမ နှုတ်ဆိတ်နေခဲ့ပါသေးတယ်၊ ဒါပေမဲ့ . . . ညီမလေးအပေါ် ချစ်စိတ်ရယ်၊ မမလည်း တစ်ချိန်က မေမေ့ကြောင့်ပဲ ချစ်သူနဲ့ ကွဲခဲ့တာလေ''

''မမရယ်''

သနားစိတ်နှင့် ကသစ် ရေရွတ်လိုက်မိသည်။

မမကပဲ . . .

''ခုတော့ . . . မမ ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး ညီမလေး။ ပြီးတော့ ညီမလေးနဲ့ရဲမော်က အပြန်အလှန်ချစ်စိတ်တွေနဲ့ ဘဝတစ်ခုကို တောင် တည်ဆောက်ထားပြီလေ၊ မမလေ ညီမလေး အတိတ်က အကြောင်းတွေ ပြန်သတိမရတော့ဘဲ ဒီအတိုင်းနေမယ်ဆိုရင်တောင် ရဲမော်နဲ့ပဲ စိတ်ချချင်တယ်၊ ရဲမော်က ညီမလေးကို တစ်ဘဝလုံး စောင့်ရှောက်မယ့်သူပါကွယ်၊ မမပြောချင်တာကတော့ ဒါပဲ ညီမလေး''

ကသစ် မမကိုဖက်ကာ ထပ်ငိုမိတော့သည်။ ရဲမော်၏ရင်ဘတ်မှ သွေးမနာမည်ထိုးထားသော တက်တူးကိုလည်း ပြန်မြင်ယောင်လာမိ၏။

ငါ . . . ငါ . . . အရမ်းမှားသွားပြီ ရဲမော်။





တွေးရင်း ရင်ထဲမှာ အတိုင်းမသိ နာကျင်လာသည်။

မမက ကသစ်ပခုံးကို ကိုင်လှုပ်ကာ . . .

''ငိုမနေနဲ့တော့လေ၊ ဒီအချိန်ဟာ ညီမလေး လုပ်သင့်တာလုပ်ဖို့ အချိန်ပဲ''

မျက်ရည်တွေကို သိမ်းသုတ်လိုက်ရင်း ကသစ်က . . .

''ကျေးဇူးတင်ပါတယ် မမရယ်၊ မေမေတို့ကိုလည်း အပြစ်တင် မနေတော့ပါဘူး။ ညီမလေးအပေါ် ချစ်လို့ အတ္တစိတ်ကြောင့် မှားရတာလို့ပဲ ခံယူလိုက်ပါ့မယ်၊ ခု ဘာလုပ်ရမယ်ဆိုတာ ညီမလေး သိပါပြီ''

တစ်ယောက်ကိုတစ်ယောက် စိုက်ကြည့်ရင်း ညီအစ်မနှစ်ယောက် တင်းကျပ်စွာ ဖက်လိုက်ကြသည်။

အတန်ကြာမှ ကသစ်က ထရပ်ရင်း တံခါးဆီသို့ ခြေလှမ်းဦးတည် လိုက်၏။ နောက်ပြန်လှည့်ကာ မမကို တစ်ချက်ကြည့်လိုက်တော့ ငုံဝါက ခေါင်းအသာညိတ်ပြသည်။

အခန်းတံခါးရှေ့ရောက်ချိန်မှာပဲ အပြင်ဘက်မှ သော့ဖွင့်သံနှင့်အတူ တံခါးက ဆတ်ခနဲ ပွင့်လာသည်။

ပထမဆုံးမြင်လိုက်ရသည်က မေမေ၏မျက်နှာ၊ နောက်နားမှာက ဖေဖေ။

ကသစ်မျက်နှာကိုကြည့်ကာ စိတ်တိုဒေါသထွက်နေသည့် မေမေ့ မျက်နှာက စိုးရိမ်ပူပန်ခြင်းသို့ ရုတ်ခြည်းပြောင်းလဲသွားသည်။ အားလုံးကို မမ ပြောပြလိုက်ပြီဆိုတာ မေမေ သဘောပေါက်သွား၍ဖြစ်နိုင်၏။

''သမီးငယ် ကသစ်''



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အသံက တောင်းပန်မှုတွေ ရောစွက်နေသည့် စိုးရိမ်သံဖြစ်သည်။

ကသစ်က မေမေ့ကို ခပ်အေးအေးပဲ ကြည့်လျက် . . .

"သမီးမှာ သမီးဘဝနဲ့သမီး ရှိနှင့်ပြီးသားပါ မေမေ။ သမီး အတိတ်ကို ဘယ်တော့မှ ပြန်မမှတ်မိရင်တောင်မှ အဲဒီဘဝဟာ အတိတ်မှာ တကယ်ရှိခဲ့ပါတယ်၊ အဲဒါကို . . . မေမေ ပြောင်းလဲလို့မရသလို သမီးလည်း မပြောင်းလဲနိုင်ပါဘူး။ ဒါပါပဲ မေမေ၊ သမီးကို ခွင့်ပြုပါ"

ပြောပြီး ကသစ် ထွက်လာခဲ့သည်။ နောက်ဆီမှာ ကျန်ခဲ့သည့် မေမေ့ငိုရှိုက်သံတွေကိုလည်း အနာဂတ်အတွက် လျစ်လျူရှုရဦးမည်လေ။

■

BURMESE CLASSIC .com

## အခန်း (၂၄)

စေ့ရုံလေး စေ့ထားသော တံခါးက အသာတွန်းလိုက်သည်နှင့် ပွင့်ကာသွား၏။ ကသစ် အထဲကို မဝံ့မရဲလေး လှမ်းကြည့်လိုက်တော့ ငွေကြီး ခေါင်းရင်းက ထိုင်နေသည့် ရဲမော်ကို တွေ့လိုက်ရသည်။ သူမရောက်လာသည်ကိုလည်း လွင့်နေသောစိတ်ကြောင့် သိဟန်မတူချေ။

ကသစ်က မျက်နှာထားကို ခပ်တည်တည်လေး လုပ်လိုက်ရင်း . .

"ရဲမော်"

ဆတ်ခနဲ မော့ကြည့်လာသည့် ရဲမော်အကြည့်တွေက ကသစ်မျက်ဝန်းတွေကို အသဲအသန် ဖတ်နေသည်။ ခဏအကြာမှာ ပြောလာသည့် စကားသံကလည်း မယုံရဲ ယုံရဲလေသံမျိုး။



www.burmeseclassic.com

www.burmeseclassic.com



"ကာသစ် . . . နင် ကွာရှင်းစာချုပ် လာပေးတာလား"

"ရဲမော် . . . ငါ အိမ်ရှေ့မှာ ကားတွေ့ခဲ့တယ်"

ရဲမော် တဖြည်းဖြည်း ပြုံးလာသည်။ ထိုးထွင်းသိမြင်သွားသော အပြုံးမျိုး။

"ကာသစ် . . . နင် အတိတ်ကို ပြန်မှတ်မိမယ့်နေရာမျိုးတွေဆိုရင်တော့ ငါ လိုက်မပို့ချင်တော့ဘူး"

ကာသစ်က ပခုံးအသာတွန့်လိုက်ပြီး . . .

"ငါ အတိတ်ကို ပြန်မျှော်ပြီး မအိပ်စက်ချင်တော့ဘူး ရဲမော်၊ ငါ့ အတိတ်က တစ်ရေးနိုးခဲ့ပြီလေ"

"ဒီတော့ . . ."

"ဒီတော့ . . . ဘာလုပ်သင့်တယ်ဆိုတာကို ငါက ပြောနေရဦးမှာလား"

"အရူးမလေး"

နှစ်ယောက်သား ပြေးကာ တင်းတင်းကျပ်ကျပ် ဖက်ထားလိုက်မိသည်။

ခုမှပဲ အိမ်ကလေးက ပိုပြီးပြည့်စုံသွားသလို၊ အိမ်ရှေ့ဆီမှာလည်း အနာဂတ်လမ်းမကြီး ပြန်ပြုံးလှပလျက်။



တကယ်ရိုးရိုးလေးပါ . . .

အနာဂတ်သစ်ကိုသွားမယ်ဆိုရင်

အတိတ်ကို အတိတ်မှာပဲထားပြီး

တစ်ရေးနိုးလာဖို့ပဲ လိုပါတယ် . . .၊

လေးစားစွာ

မိုးဝါမြိုင်

၁၃၇၅ ခုနှစ်၊ တပို့တွဲလကွယ်၊ သောကြာနေ့
ည ၁၀ နာရီ ၄၅ မိနစ်